# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၃၂၆)၊ ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်၊ ၂၆-၁၀-၂၀၂၄၊ စနေနေ့။


## မြတ်ဗုဒ္ဓ၏ အဆုံးအမတရား

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှု လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။)

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မိမိတို့တာဝန်ထမ်းဆောင်ကြရမည့် စာသင်ကျောင်းအသီးသီးတွင်ရှိသည့် ကျောင်းသား ကျောင်းသူလူငယ်များ ဗလငါးတန်နှင့်ပြည့်စုံပြီး နိုင်ငံတော်က အားကိုးအားထားပြုနိုင်ရန် အရည်အချင်းပြည့်ဝသည့် ပညာတတ် လူကောင်း၊ လူတော်များ ဖြစ်လာအောင် ပြုစုပျိုးထောင်

### ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေး၊ စာမတတ်သူပပျောက်ရေးနှင့် စာတတ်သူတိုင်း စာဖတ်ကြရေးဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆) ကျောင်းသား ကျောင်းသူများကို ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဌရွှေဝါခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တက်ရောက်

တွေ့ဆုံပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့်တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် က အမှာစကားပြောကြားရာတွင် ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် စတင်ဖွင့်လှစ်ခဲ့သည့်

စာမျက်နှာ ၃ သို့ ☆



### အမှတ်တရလက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကျောင်းသား ကျောင်းသူနှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်း ဂါရဝပြုပေးအပ်စဉ်။

## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် အောက်တိုဘာ ၂၅

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ် ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း (၈၀) ဖြစ်ပါသည်။ **မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး မိုးထစ်ချုန်း၍ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း (၆၀) ဖြစ်ပါသည်။

မိုး/ဓလ

၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၂၆ ရက် ၊ စနေနေ့ ။

မန္တလေး နေ့စဉ်

## ဝါနှင့် နေကြာသီးနှံများ ပိုမိုအထွက်တိုးစေရေးဆောင်ရွက်လျက်ရှိ

ဝါသီးနှံသည် ချည်ထည်လုပ်ငန်းများအတွက် အရေးပါသော ကုန်ကြမ်းဖြစ်သည်။ ထို့ပြင် နိုင်ငံတော်က ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြေပဲ၊ နှမ်း၊ နေကြာသီးနှံများ တိုးချဲ့စိုက်ပျိုးရေး စီမံကိန်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိသည်။ သမဝါယမဦးစီးဌာနအနေဖြင့် ဝါ၊ နေကြာသီးနှံများ ပိုမိုအထွက်တိုးစေရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ဝါသီးနှံနှင့် နေကြာသီးနှံ စိုက်ပျိုးထုတ်လုပ်သော သမဝါယမအသင်းများအတွက် သမဝါယမကဏ္ဍမှ အသင်းသား တောင်သူများ လိုအပ်သည့် မျိုး၊ မြေ၊ ရေ၊ နည်းပညာများကို စတင်စိုက်ပျိုးရန်အတွက် ထွန်ယက်မြေပြင်သည်မှအစပြု၍ ထွက်ရှိလာသောသီးနှံများကို ဈေးကောင်းရနိုင်စေရန် ဈေးကွက်များအထိရောက်ရှိအောင် စီမံဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဓိကလိုအပ်ချက်ဖြစ်သော အထွက်တိုးနိုင်မည့်မျိုးကို ရွေးချယ်၍ အစားထိုးစိုက်ပျိုးနိုင်စေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကယ်၍ အထွက်မတိုးခဲ့လျှင် နည်းလမ်းစုံဖြင့် အဖြေရှာ၍ ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ နေကြာသီးနှံအတွက်လည်း အထွက်တိုးရန်လိုအပ်သည့် အရည်အသွေးကောင်းမွန်သော မျိုးကောင်းမျိုးသန့်များကို ပံ့ပိုးထောက်ပံ့နိုင်ရေးဆောင်ရွက်ရန်နှင့် စိုက်ပျိုးရေးအတွက် လိုအပ်သော ပျားမွေးမြူရေးပုံးများကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ချိတ်ဆက်၍ ဆောင်ရွက်ခြင်း၊ နည်းပညာအတွက် ပညာပေးသင်တန်းများကို စိုက်ပျိုးရေးဦးစီးဌာနများ၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်၍ ဆောင်ရွက်ခြင်း၊ ရှုရှားမြေဆီနှင့် သဘာဝမြေဆီတို့ကို ထည့်သွင်းဆောင်ရွက်ခြင်း၊ မိမိတို့တိုင်းဒေသကြီး/ပြည်နယ်အတွင်း စိုက်ပျိုးရေး သမဝါယမအသင်းများမှ စံပြစိုက်ကွက်များဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သည့် ငွေကြေးအရင်းအနှီး၊ သွင်းအားစု၊ မျိုး၊ မြေ၊ ရေ ၊ နည်းပညာများကို ထောက်ပံ့၍ အထွက်တိုးဇကများ ဖော်ဆောင်ရန်လိုကြောင်း သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်သူရက သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဝါ၊ နေကြာသီးနှံများ ပိုမိုအထွက်တိုးစေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ပြောကြားခဲ့သည်။

ညွှန်ကြားရေးမှူးချုပ်က ဆက်လက်ပြောကြားရာတွင် အထွက်မတိုးသည့် အသင်းများစာရင်းကို စိစစ်ဖော်ထုတ်၍ မည်သည့်အတွက်ကြောင့် အထွက်မတိုးရခြင်းကို အဖြေရှာ၍ ပေါင်းစပ်ညှိနှိုင်း၍ ကူညီဖြည့်ဆည်းဆောင်ရွက်ခြင်းဖြင့် နောင်တစ်ချိန်အထွက်တိုးအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နေကြာစိုက်ပျိုးရာတွင် ဂရုတစိုက်အသေးစိတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး အနီးကပ်ကြီးကြပ်ဆောင်ရွက်ရန်လိုကြောင်း၊ လျာထားချက်စိုက်ဇကပြည့်မီရန်လိုသကဲ့သို့ အထွက်တိုးရန်လည်းလိုပါသဖြင့် သမဝါယမအသင်းများကလည်း လုပ်အား၊ ငွေအား၊ နည်းပညာအား ပေါင်းစပ်၍လည်းကောင်း၊ စိုက်ပျိုးရေးကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ပေးကြပါရန်နှင့် အခက်အခဲများကိုလည်း ပွင့်လင်းမြင်သာစွာ တင်ပြစေလိုပါကြောင်း ဆွေးနွေးပြောကြားပါသည်။

သို့ဖြစ်ရာ ဝါ၊ နေကြာသီးနှံများ ပိုမိုအထွက်တိုးစေရေးအတွက် သမဝါယမကဏ္ဍမှ အရည်အသွေး ပြည့်မီသော အထွက်တိုးမျိုးများ အစားထိုးစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် မျိုး၊ မြေ၊ ရေ၊ နည်းပညာများ ပံ့ပိုးထောက်ပံ့နိုင်ရေး ဈေးကွက်ချိတ်ရေးလုပ်ငန်းများကိုပါ ဆောင်ရွက်ပေးလျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## ချမ်းအေးသာစံအနောက်ရပ်ကွက်၊ သာသနာလင်္ကာရ ဝါးတန်းဓမ္မာရုံ၊ ဗုဒ္ဓရုပ်ပွားတော် အနေကဇာတင်နှင့် ဓမ္မာရုံရေစက်ချပွဲပြုလုပ်



**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအနောက်ရပ်ကွက်၊ သာသနာလင်္ကာရ ဝါးတန်းဓမ္မာရုံ၊ ဗုဒ္ဓရုပ်ပွားတော် ဗုဒ္ဓါဘိသေက အနေကဇာတင်ခြင်း မင်္ဂလာနှင့် ဓမ္မာရုံရေစက်ချ အလှူတော်မင်္ဂလာအခမ်းအနားကို ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်၊ နံနက် ၉ နာရီက ၂၉(A)လမ်း၊ ၈၄လမ်းနှင့် ၈၅ လမ်းကြားရှိ အဆိုပါ သာသနာလင်္ကာရ ဝါးတန်းဓမ္မာရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ၊ ဓမ္မဂါရဝကျောင်းဆရာတော် တိက္ခိန္ဒြိယာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး သာသနာလင်္ကာရ ဝါးတန်းဓမ္မာရုံဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင်များ၊ စေတနာရှင် အလှူရှင်များ၊ ရပ်မိရပ်ဖများနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ သံဃာတော်အရှင်သူမြတ်များနှင့် ဓည့်ပရိသတ်အပေါင်းက နမောတဿ သုံးကြိမ်ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပေးကြပြီး တိုင်းဥက္ကဋ္ဌဆရာတော်ထံမှ အနုမောဒနာတရားနာယူကြသည် ။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ထံမှ ပရိတ်တရားတော်များ နာယူကြပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ မိုးကောင်းတိုက် အလယ်ရွှေကျောင်း ဆရာတော် ဘဒ္ဒန္တဓမ္မာဓိပတိ လင်္ကာရထံမှ လှူဒါန်းမှုအစုစုအတွက် ရေစက်ချတရားနာယူကြသည်။

၄င်းနောက် သံဃာတော်အရှင်သူမြတ်တို့အား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

**(အပေါ်ဝဲပုံ)**

**(၀၉၃)**

## စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြော၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ



**ကျောက်ဆည် အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့နယ်၊ ပင်တလည်ကျေးရွာ မူလတန်းလွန်ကျောင်းတွင် ယနေ့ မွန်းလွဲ ၁ နာရီက ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြင့်မားရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

အသိပညာပေး ဟောပြောပွဲတွင် ပင်တလည်ကျေးရွာ မူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းအောင်က ဘက်စုံထူးချွန်သော ကျောင်းသား၊ ကျောင်းသူများဖြစ်စေရေး အသိပညာပေးဟောပြောပွဲ ကျင်းပပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ဟောပြောပွဲတွင် သေချာလေ့လာနားထောင်မှတ်သားကြစေလိုကြောင်းနှင့် ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်နှင်းရီက အားလပ်ချိန်မှာပညာရှာ ဆိုသည့်အတိုင်း ငယ်ရွယ်စဉ်အချိန်ကပင် သုတရသစာပေများ ရှာဖွေလေ့လာဖတ်ရှုစေလိုကြောင်း အသိပညာပေးအကြောင်းများ ဟောပြောခဲ့သည်။

အသိပညာပေးဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ကျောက်ဆည်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် စာအုပ်၊ စာစောင်များ၊ အရွယ်မရောက်သေးသူ ကလေးများအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(၄၈၅)**

၀-၀-၀-၀

၀-၀-၀-၀-၀

## မတ္တရာမြို့နယ်မှ ယာယီနေရပ်စွန့်ခွာ ပညာရေးဝန်ထမ်းများအား ထောက်ပံ့

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အမှတ်(၂၅) အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းဆောင်များတွင် ရောက်ရှိနေကြသော မတ္တရာမြို့နယ်မှ ယာယီနေရပ်စွန့်ခွာသူ ပညာရေးဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ယနေ့နံနက် ၁၀နာရီက အဆိုပါကျောင်း မြရတနာပုံခန်းမတွင် ကျင်းပသည်။



အခမ်းအနားတွင် ဒိုင်အိုစီဇင်သံတဲကျောင်းအာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးငွေးကြွယ်က မတ္တရာမြို့နယ်၊ သုံးဆယ်ပေးဇာတိဖွား ရန်ကုန်မြို့တွင်နေထိုင်သည့် ဒိုင်အိုစီဇင်တော်ဝင်သံတဲကျောင်းသားဟောင်း အလှူရှင်ဦးအောင်သိန်း(ကိုယ်စား) မန္တလေးမြို့သို့ ယာယီရွှေ့ပြောင်းတာဝန်ထမ်းဆောင်နေသော မတ္တရာမြို့နယ်မှ ပညာရေးဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မတ္တရာမြို့နယ်မှ ယာယီနေရပ်စွန့်ခွာ ပညာရေး ဝန်ထမ်း ဆရာ၊ ဆရာမ ၄၂ ဦးအား ငွေများထောက်ပံ့ပေးအပ်ရာ ဆရာ၊ ဆရာမများက လက်ခံရယူပြီး အ·လ·က နံ့သာမြိုင်ကျောင်းအုပ်ကြီး ဦးမျိုးလှိုင်ထွန်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။ အခမ်းအနားသို့ ဒိုင်အိုစီဇင်သံတဲကျောင်းအာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုစုဝေနှင့် မတ္တရာမြို့နယ်မှ ယာယီနေရပ်စွန့်ခွာ ဆရာ၊ ဆရာမများနှင့် ပညာရေးဝန်ထမ်းများ တက်ရောက်ခဲ့ကြသည်။

**(အပေါ်ဝဲပုံ)**

**(၀၄၅)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ်စာ မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊ ၇၃လမ်းနှင့် ၇၄လမ်းကြား၊

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်း အမှတ်စဉ်(၆)မှ ကျောင်းသား ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို ၁၉၉၁ ခုနှစ် မေ ၁၀ ရက်တွင် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်အဖြစ် အဆင့်တိုးမြှင့်ပေးခဲ့ကြောင်း၊ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေး တက္ကသိုလ်အနေဖြင့် လေ့ကျင့်ပြုစုပျိုးထောင်ပေးခဲ့သည်မှ ယခုအခါ သင်တန်းဆင်း ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၄၂၈၈ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး ဖြစ်ကြောင်း။

**ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေး ကြိုးပမ်းဆောင်ရွက်**

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံအုတ်မြစ်သည် ပညာတတ် အရင်းအမြစ်များ ပေါများခြင်းပင် ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း အသိပညာ၊ အတတ်ပညာ ပြည့်စုံသည့် ပညာတတ်များနှင့် သာယာဝပြောသည့် အနာဂတ် နိုင်ငံတော်ကြီးကို တည်ဆောက်ရန် ဦးတည်ဆောင်ရွက်နေပြီး အရည်အသွေးပြည့်ဝသည့် ဘက်စုံပညာရေးစနစ် တိုးတက်ဖြစ်ပေါ်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထား ပြုရသည့်၊ ဗလငါးတန်နှင့် ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ဆရာ ဆရာမများ၏ သင်ကြားပြသမှု၊ သွန်သင်ဆုံးမမှု ကောင်းမွန်ခြင်း အပေါ်တွင် မူတည်နေကြောင်း၊ ကျောင်းသား ကျောင်းသူများ၏ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကို မှန်ကန်အောင် တည့်မတ်ပေးရေးသည် ဆရာ ဆရာမများ၏ တာဝန်ပင် ဖြစ်ကြောင်း၊ ထို့ပြင် တာဝန်ကျရာ ဒေသအသီးသီးက စာသင်ကျောင်းများတွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်း မြင့်မားရေး၊ ကျောင်းသား ကျောင်းသူများကို အတန်းပညာ တတ်မြောက်စေရေး၊ တန်းစဉ်ကူး ပြောင်းနှုန်း မြင့်မားစေရေးသာမက ဉာဏ်ပညာနှင့် တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေး အလေးထား ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

စာသင်ကျောင်း ဆိုသည်မှာ စာပေသင်ကြားပေးသည့် နေရာသက်သက်သာ မဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများ ပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန် ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနေသည့် နေရာမျိုးဖြစ်ရန်လည်း လိုအပ်ကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း မိမိတို့၏ တပည့် ကျောင်းသား ကျောင်းသူများကို ကျောင်းစည်းကမ်း လိုက်နာခြင်းက အစပြုပြီး ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကိုလေးစားလိုက်နာတတ်သည့် နိုင်ငံကြီးသား အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာကြစေရန် ကိုယ်တိုင်လေ့လာတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် လေ့ကျင့်ပေးသွားကြရန် လိုအပ်ကြောင်း။

စာမျက်နှာ ၄ သို့ »»»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်အားပေးစဉ်။

- ❖ **အနာဂတ်တွင် နိုင်ငံတော်က အားကိုးအားထားပြုရသည့်၊ ဗလငါးတန်နှင့် ပြည့်စုံသည့်၊ အရည်အချင်းပြည့်ဝသည့်လူငယ်များကို မွေးထုတ်ပေးနိုင်ရန်အတွက် ဆရာ ဆရာမများ၏ သင်ကြားပြသမှု၊ သွန်သင်ဆုံးမမှု ကောင်းမွန်ခြင်းအပေါ်တွင် မူတည်**
- ❖ **တာဝန်ကျရာဒေသအသီးသီးက စာသင်ကျောင်းများတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေရာခိုင်နှုန်းမြင့်မားရေး၊ ကျောင်းသား ကျောင်းသူများကို အတန်းပညာတတ်မြောက်စေရေး၊ တန်းစဉ်ကူးပြောင်းနှုန်း မြင့်မားစေရေးသာမက ဉာဏ်ပညာနှင့် တည်ဆောက်ထားသည့် လူ့ဘောင်အသိုင်းအဝိုင်း ဖြစ်ပေါ်လာစေရေး အလေးထားကြိုးပမ်းဆောင်ရွက်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» စာမျက်နှာ ၃ မှ

လူသားများ၏ဘဝသည် အသိပညာ၊ အတတ်ပညာ ပြည့်စုံမှု ရှိ၊ မရှိ အပေါ်တွင် မူတည်ပြီး ကွာခြားမှုများ၊ ပြောင်းလဲမှုများ ရှိနေခြင်းပင်ဖြစ်ကြောင်း၊ ငယ်စဉ်ကတည်းက ပညာကို တစိုက်မတ်မတ်ဖြင့် ဆုံးခန်းတိုင်အောင် သင်ယူနိုင်ကြပါက ဘဝအတွက် ပိုမို အကျိုးရှိမည်ဖြစ်ကြောင်း၊ ပညာ တစ်စိတ်တစ်ပိုင်းဖြင့် ကျောင်းထွက်ကြရပြီး အကြောင်းအမျိုးမျိုးကြောင့် ပညာကိုဆုံးခန်းတိုင် မသင်နိုင်ကြပါက ပညာပြည့်ဝသင့်သလောက် မပြည့်ဝနိုင်ဘဲ ဘဝတွင် လိုအပ်ချက်များ ရှိနေကြမည်ပင်ဖြစ်ကြောင်း၊ မူလတန်း၊ အလယ်တန်း၊ အထက်တန်း၊ အဆင့်မြင့် အစရှိသည့် ပညာကိုသင်ယူပါက သင်ယူနိုင်သလောက် ဘဝတွင်လိုအပ်ချက်များ ပြည့်စုံနိုင်သည်ကို မိမိကိုယ်တွေ့နှင့် နှိုင်းယှဉ်ပြီး မိမိတို့တပည့်များအား ပညာကို သင်ယူနိုင်သလောက်သင်ယူကြရန်၊ အတတ်ပညာရှင်၊ အသိပညာရှင်၊ ကျွမ်းကျင်သူ၊ ပါရဂူများဖြစ်သည် အထိ ကြိုးစားသွားကြရန်၊ တိုက်တွန်းလှေ့ကျင့်ပေးကြရန် မှာကြားလိုကြောင်း။

လူသားတစ်ယောက် အတွက် အတတ်ပညာ ပြည့်ဝရေးသည် အခြေခံလိုအပ်ချက် ဖြစ်သကဲ့သို့ အသိပညာ၊ ဗဟုသုတ၊ အတွေးအခေါ် အယူအဆ ပြည့်စုံမှန်ကန်ရေးသည်လည်း မရှိမဖြစ် လိုအပ်ကြောင်း၊ ထို့ကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အတတ်ပညာသာမက အသိပညာဗဟုသုတများ ရှာမှီးနိုင်ရန် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုများကို အလေးထား ဆောင်ရွက်ပေးလျက် ရှိကြောင်း၊ အဆိုပါလုပ်ငန်းသည် ပညာရေးနှင့် ဆက်စပ်နေခြင်း ဖြစ်သဖြင့် မောင်တို့၊ မယ်တို့ ရောက်ရာဒေသ၊ တာဝန်ကျသည့် နေရာများတွင် အောင်မြင်အောင် ပူးပေါင်း ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

**ဦးထမ်းပဲ့ထမ်း**

**တာဝန်ထမ်းဆောင်**

မျက်မှောက်ကာလ မြန်မာ့အခြေအနေ၊ ကမ္ဘာ့အခြေအနေတို့အရ မြန်မာနိုင်ငံသားတိုင်း ကိုယ့်မြေ၊ ကိုယ့်ရေ၊ ကိုယ့်လူမျိုး၊ ကိုယ့်အချုပ်အခြာ အာဏာကို ကာကွယ်ရန် အချိန်ကျရောက်လာပြီဖြစ်ကြောင်း၊ ပြည်သူတစ်ယောက်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး တာဝန်ကို ထမ်းဆောင်ခြင်းသည် နိုင်ငံတော်ကြီးတစ်ခုလုံးနှင့် နိုင်ငံသူ နိုင်ငံသားအားလုံးကို ကာကွယ်စောင့်ရှောက်ခြင်းပင် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် အမျိုးသားရေး တာဝန်လည်းဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတွင် အဓိကတာဝန်ရှိသည့် တပ်မတော်ကို ပြည်သူ့အားဖြင့် ပူးပေါင်းကူညီကြရမည် ဖြစ်သကဲ့သို့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တာဝန်များကို ပြည်သူနှင့်တပ်မတော် အတူတကွ ဦးထမ်းပဲ့ထမ်း တာဝန်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး မေးမြန်းနှုတ်ဆက်အားပေးစဉ်။



ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၆)ကျောင်းသား ကျောင်းသူများကိုယ်စား မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်မှ ချင်းတိုင်းရင်းသူ မမြတ်သင်ဇာကျော် ဂါရဝပြု ကျေးဇူးတင်စကား ပြောကြားစဉ်။

**ညီညီညွတ်ညွတ်ဖြင့်ကြိုးစား**

တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာ ရှိသည်ဆိုသည်ကို မိမိတို့တစ်တွေ ဖြတ်သန်းခဲ့သည့်သမိုင်းက ပြဆိုခဲ့ပြီးဖြစ်ကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ပြည်တွင်းအားဖြင့်သာ အဓိကထား တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ မြေပေါ်၊ မြေအောက်နှင့် ရေသယံဇာတကြွယ်ဝပြီး လူသားအရင်းအမြစ်များ ရှိနေသည့် မိမိတို့နိုင်ငံတွင် တိုင်းရင်းသားအားလုံး ညီညီညွတ်ညွတ်ဖြင့် ကြိုးစားကြပါက မိမိတို့နိုင်ငံသည် ဒေသတွင်းမှာသာမက ကမ္ဘာ့ထိပ်တန်းအဆင့်အထိ ရောက်ရှိမည်မှာ မလွဲဧကန်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် မှီတင်းနေထိုင်သည့် ပြည်ထောင်စုနိုင်ငံဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ထောင်စု နိုင်ငံတွင် ပြည်ထောင်စုစိတ်ဓာတ် ထားရှိကြရန် အလွန်အရေးကြီးကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မိမိတို့တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အားလုံးသည် **"တစ်မြေတည်းနေ၊ တစ်ရေတည်း** သောက်၊ တို့အားလုံးသည် သွေးချင်း ညီအစ်ကိုများဖြစ်ပြီး အရေးကြီးရင် သွေးနီးကြရမည်" ဆိုသည့်စိတ်၊ "တောင်ပေါ်မြေပြန့်မခွဲခြား၊ တို့အားလုံးသည် သားချင်းများဖြစ်ကြပြီး နိုင်ငံတော်ကို ပူးပေါင်းကာကွယ်စောင့်ရှောက်ကြရမည်" ဆိုသည့်စိတ်၊ "မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ ဥမကွဲ သိုက်မပျက် အတူတကွ ချစ်ကြည်ရင်းနှီးစွာ နေထိုင်ကြသည့် မိသားစုများ" ဆိုသည့် စိတ်ဓာတ်များပင် ဖြစ်ကြောင်း။

စာမျက်နှာ ၅ သို့ »»»

*** မောင်တို့၊ မယ်တို့အနေဖြင့် မိမိတို့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမများအကြား အပြန်အလှန်လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများ တည်ဆောက်ကြရာတွင် အတွေးအခေါ်အယူအဆ မှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်**

*** အထူးသဖြင့် မိမိတို့ စာပေပညာသင်ကြားပေးရမည့် တိုင်းရင်းသားလူငယ်များကို ပြည်ထောင်စုစိတ်ဓာတ် ကိန်းအောင်းပြီး နိုင်ငံ၏ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လိုသော မွန်မြတ်သည့် စိတ်စေတနာကောင်းများ ထာဝရရှင်သန်ဖြစ်ထွန်းနေအောင် လေ့ကျင့်ပေးကြရန် အဓိကထားမှာကြားလို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

»»» စာမျက်နှာ ၄ မှ

ထို့ကြောင့် မောင်တို့၊ မယ်တို့အနေဖြင့် မိမိတို့ပြည်ထောင်စုဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား အပြန်အလှန် လေးစားမှု၊ နားလည်မှု၊ ယုံကြည်မှုများ တည်ဆောက်ကြရာတွင် အတွေးအခေါ်အယူအဆ မှန်ကန်စွာဖြင့် စည်းစည်းလုံးလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း၊ အထူးသဖြင့် မိမိတို့စာပေပညာသင်ကြားပေးရမည့် တိုင်းရင်းသား လူငယ်များကို ပြည်ထောင်စုစိတ်ဓာတ်ကိန်းအောင်းပြီး နိုင်ငံ၏ ကောင်းကျိုးကို သယ်ပိုးဆောင်ရွက်လိုသော မွန်မြတ်သည့် စိတ်စေတနာကောင်းများ ထာဝရရှင်သန် ဖြစ်ထွန်းနေအောင် လေ့ကျင့်ပေးကြရန် အမိကထားမှာကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ရှင်သန်ထွန်းကားရေးအတွက် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ရန် အလွန်အရေးကြီးကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲ ကျင်းပနိုင်ရေးကို အဓိကရည်မှန်းချက်ထားပြီး ရွေးကောက်ပွဲအတွက် လိုအပ်သည်များကို စတင်ပြင်ဆင်ဆောင်ရွက်နေပြီ ဖြစ်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများရရှိလာအောင် စည်းရုံးဦးဆောင်ပေးကြရန်၊ မိမိတို့တာဝန် ထမ်းဆောင်ကြရမည့် စာသင်ကျောင်း အသီးသီးတွင်ရှိသည့် ကျောင်းသား ကျောင်းသူ လူငယ်များကို ဗလငါးတန်နှင့် ပြည့်စုံပြီး နိုင်ငံတော်က အားကိုးအားထားပြုနိုင်ရန် အတွက် အရည်အချင်းပြည့်ဝသည့် ပညာတတ် လူကောင်း၊ လူတော်များ ဖြစ်လာအောင် ပြုစုပျိုးထောင်ပေးကြရန်၊ ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းတက်နိုင်ရေး၊ စာမတတ်သူ ပပျောက်ရေးနှင့် စာတတ်သူတိုင်း စာဖတ်ကြရေး ဆောင်ရွက်ပေးကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။

> ✳ **ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ဒို့တာဝန်အရေးသုံးပါးကို အစဉ်ဦးထိပ်ထားပြီး တိုင်းရင်းသားပြည်သူများအကြား တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်ဖြင့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများ ရရှိလာအောင် စည်းရုံးဦးဆောင်**

### ဂါရဝပြု ကျေးဇူးတင်စကားပြောကြား

ထို့နောက် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၆)ကျောင်းသား ကျောင်းသူများ ကိုယ်စား မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်မှ ချင်းတိုင်းရင်းသူ မမြတ်သင်ဇာကျော်က ဂါရဝပြု ကျေးဇူးတင်စကား ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ မိမိတို့အား အချိန်ပေးတွေ့ဆုံပြီး သိသင့် သိထိုက်သည်များကို လမ်းညွှန်ဩဝါဒပေးသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ လမ်းညွှန်မှုများကို မိမိတို့အတွက် အရေးပါသည့် လုပ်ငန်းလမ်းညွှန်ချက်များအဖြစ် ခံယူပြီး အလေးအနက်ထား လိုက်နာဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ လမ်းညွှန်မှုများတွင် ပါဝင်သည့် နိုင်ငံသားများအားလုံး အသိပညာ၊ အတတ်ပညာနှင့် လူမှုဘဝတိုးတက်စေရေး၊ နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်များ၊ အမျိုးသားရေး ရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရေး၊ အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေးတို့တွင် မိမိတို့အနေဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဟု အလေးအနက်ထား ကတိပြုတင်ပြအပ်ပါကြောင်း၊ သင်တန်းဆင်းပြီးနောက် ပညာရေးဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင်ရချိန်တွင်လည်း နိုင်ငံတော်က ပြုစုပျိုးထောင် ပေးထားသည့် သားကောင်း၊ သမီးမွန်များ ပီသစွာ နိုင်ငံ့သားကောင်းစိတ်ဓာတ်ဖြင့် တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ထံ ကျောင်းသား ကျောင်းသူနှစ်ဦးက အမှတ်တရလက်ဆောင်ပစ္စည်းကို ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ ကျောင်းသား ကျောင်းသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ၎င်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများကို တစ်ဦးချင်း ရင်းရင်းနှီးနှီး လိုက်လံမေးမြန်း နှုတ်ဆက်အားပေးခဲ့ပြီး ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများ၌ တာဝန်ထမ်းဆောင်ကြမည့် ဝန်ထမ်းများအား အမှာစကားပြောကြား

နေပြည်တော် အောက်တိုဘာ ၂၅

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးများသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများတွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့်အမှုထမ်းများက ၎င်းတို့သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့်နိုင်ငံများ၊ ယခုသွားရောက် တာဝန်ထမ်းဆောင်ရမည့်နိုင်ငံများကို မိတ်ဆက်တင်ပြကြသည်။



ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများအနေဖြင့် ဝန်ထမ်းတစ်ဦးအတွက် အရေးကြီးဆုံးတာဝန်မှာ နိုင်ငံတော်နှင့် လူမျိုးအပေါ် သစ္စာစောင့်သိရိသေရန်လိုကြောင်း၊ သံတမန်ဆက်ဆံရေးတွင် "ချစ်စကို ရှည်စေ၊ မုန်းစကို တိုစေ" ဆိုသည့်အတိုင်း ရန်သူကို မိတ်ဆွေဖြစ်အောင် ပြုလုပ်၍ မိမိ၏ပန်းတိုင်သို့ ရောက်ရှိအောင် ဆောင်ရွက်ကြရန် အရေးကြီးကြောင်း၊ သံတမန်တစ်ဦးသည် အရည်အသွေး၊ အရည်အချင်းများနှင့် ပြည့်စုံပြီး ဆင်ခြင်တုံတရားရှိရှိ ဆောင်ရွက်နိုင်မှသာ မိမိကိုယ်မိမိ တန်ဖိုးမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ သံတမန်ဆိုသည်မှာ လူအင်အားအနည်းဆုံးဖြင့် ကြီးမားသည့်တာဝန်ကို ထမ်းဆောင်ရခြင်းဖြစ်သည့်အတွက် သံတမန်အရည်အသွေးများ တိုးတက်နေအောင်၊ ထက်မြက်နေအောင် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာတွင် ဖြစ်ပေါ်ပြောင်းလဲနေမှုများကို မျက်ခြည်မပြတ် စောင့်ကြည့်နေရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရာတွင် မိမိနိုင်ငံ၏အကျိုးဖြစ်ထွန်းအောင်၊ ဆက်ဆံရေး တိုးတက်အောင် ဆင်ခြင်တုံတရားဖြင့် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သံတမန်တစ်ဦးအနေဖြင့် သံခင်းတမန်ခင်းကျွမ်းကျင်မှုအပြင် ညှိနှိုင်းဆွေးနွေးမှု၊ နည်းနာကျွမ်းကျင်မှုနှင့် ဘာသာစကားများ ကျွမ်းကျင်မှုရှိအောင် ကြိုးစားကြရမည်ဖြစ်ပြီး ကမ္ဘာသုံးဘာသာစကား၊ သွားရောက်တာဝန်ထမ်းဆောင်မည့်နိုင်ငံ၏ ဘာသာစကားကိုပါ တတ်မြောက်နိုင်ရေး ကြိုးစားလေ့လာသင်ယူစေလိုကြောင်း၊ အများ၏ စုပေါင်းအားဖြင့် ဆောင်ရွက်ခြင်းသည် လုပ်ငန်းကို ပိုမိုထိရောက် ခရီးရောက်စေသည့်အတွက် ညီညွတ်မှုရှိကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

* စာမျက်နှာ ၂၄ မှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူတို့တက်ရောက်ကြပြီး မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံစစ်သံမှူးနှင့် သံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်း ဆောင်ရွက်မှုများ မြှင့်တင် ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ နယ်စပ်ဒေသ တည်ငြိမ် အေးချမ်းရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ တပ်မတော်နှစ်ရပ်အကြား နည်းပညာ၊ သတင်းအချက်အလက်အပါအဝင် နယ်ပယ်အလိုက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

**ရင်းရင်းနှီးနှီး နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံအမတ်ကြီး H.E.Ms.Ma Jia အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၄)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲ တက်ရောက်အားပေး

နေပြည်တော် အောက်တိုဘာ ၂၅

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ (၁၄) ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ယနေ့တွင် နေပြည်တော်ခုတင် (၁၀၀၀) အထွေထွေရောဂါကုဆေးရုံကြီး၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအမှူးများ တက်ရောက်အားပေးကြသည်။



**စားသောက်ဖွယ်ရာများနှင့်ဆေးဝါးများပေးအပ်**

စုပေါင်းသွေးလှူဒါန်းပွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် စေတနာရှင်သွေးလှူရှင် စုစုပေါင်း ၃၅ ဦးတို့က လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနအကြီးအမှူးများက လိုက်လံကြည့်ရှုအားပေးကာ စားသောက်ဖွယ်ရာများနှင့် ဆေးဝါးများကို ပေးအပ်ကြသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သွေးလှူဒါန်းမှုအတွက် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် နိုင်ငံတစ်ဝန်း စုပေါင်းသွေးလှူဒါန်းပွဲကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး၊ မကွေးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ရှိ သက်ဆိုင်ရာဆေးရုံများနှင့် သွေးဌာနများတွင် ပြုလုပ်ခဲ့ရာ စုစုပေါင်း ၂၁၀ သွေးလှူဒါန်းကြကာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် (၁၄) ကြိမ်မြောက် စုပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။ သတင်းစဉ်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်း၍ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး တိုးချဲ့ရုံး အဆောက်အအုံ၌ ကျင်းပသည်။



အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်းနှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတာဝန်ရှိသူများ၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ဝင်များနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ယနေ့ကျင်းပသည့် အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို တက်ရောက်ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ ဝန်ထမ်းများအနေဖြင့် ဆွေးနွေးပွဲမှရရှိသည့် အသိအမြင်ဗဟုသုတများကို မိမိမှတစ်ဆင့် မိမိမိသားစု၊ မိမိပတ်ဝန်းကျင်သို့ ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်မှာ မိမိကစပါဝင်ပြီး အဂတိလိုက်စားမှုများနှင့်ပတ်သက်၍ တားဆီးရန်၊ ငြင်းဆိုရန် တိုက်တွန်းလိုကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဆောင်ပုဒ်ဖြစ်သည့် “ အဂတိပယ်ခွာပြည်သာယာ ” ဆိုသည့် ဆောင်ပုဒ်အတိုင်း အဂတိတရားကင်းစင်သည့် လူ့အဖွဲ့အစည်းကို ဖော်ဆောင်နိုင်ရန် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက နိုင်ငံ့တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ယခုလို ဟောပြောပွဲများမှ အသိအမြင်၊ ဗဟုသုတ၊ ဖြောင့်မတ်တည်ကြည်မှု၊ ကျင့်ဝတ်နှင့် ကိုယ်ကျင့်တရားဆိုင်ရာ အကျိုးကျေးဇူးများရရှိပြီး နိုင်ငံ့တာဝန်ကို ရိုးသားဖြောင့်မတ်စွာ ထမ်းဆောင်ခြင်းဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးတာဝန်ရှိသူများက အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ၊ စုံစမ်းစစ်ဆေးရေးကဏ္ဍများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အဂတိလိုက်စားမှု၏ သဘောသဘာဝများ၊ အဂတိလိုက်စားမှု ဖြစ်ပေါ်ရခြင်းအကြောင်းရင်းများ၊ အဂတိလိုက်စားမှု၏ ဆိုးကျိုးများ၊ တားဆီးကာကွယ်ရေးကဏ္ဍများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

ဆွေးနွေးပွဲအပြီးတွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်ကြူကြူဝင်း ဦးဆောင်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရုံး၊ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit – CPU) အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ တားဆီးကာကွယ်ရေးအဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များ၊ သုံးသပ်တင်ပြချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄) သင်တန်းဆင်းပွဲများကျင်းပ

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်းစစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့်လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။


ရှမ်းပြည်နယ် ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် ကျင်းပကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်းဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

### ဆုများပေးအပ်ချီးမြှင့်

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော် ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်း အမှာစကားများ ပြောကြားသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့တက်ရောက်လာကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)ကို ၂၀၂၄ ခုနှစ် ဩဂုတ် ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းကာလအတွင်း ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ ခြေလျင်လက်နက်ငယ်ဘာသာရပ်များကိုလည်းကောင်း၊ စစ်နည်းဗျူဟာဘာသာရပ်ကို လည်းကောင်း စာတွေ့၊ လက်တွေ့စနစ်တကျသင်ကြား လေ့ကျင့်ခဲ့ကြပြီး စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်ရေးဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကိုလည်း ရက်သတ္တပတ်အလိုက် အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရသည်။

### နိုင်ငံသားတိုင်းတွင်တာဝန်ရှိ

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည်ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။


ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာလုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ်(Team Spirit)၊ ရဲဘော်ရဲဘက်စိတ် (Esprit De Corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့ အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှ ရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလို ကြားသိရပါသည်-

၁။ ဒီသင်တန်းတက်ရောက်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကိုကာကွယ်ဖို့နဲ့ နိုင်ငံကလိုအပ်လာတဲ့အခါ ကျွန်တော့်ဘက်က အသင့်ဖြစ်အောင်လို့ ဒီသင်တန်းကိုလာရောက်တက်တာပါ။ ကျွန်တော်က တစ်ကျောင်းလုံးရဲ့ ကိုယ်စားအနေနဲ့ စံပြဆုကိုရရှိခဲ့တာပါ။ ဒီဆုကိုရရှိဖို့ အတော်ကို ကြိုးစားခဲ့ရပါတယ်။ သင်ခန်းစာတွေအားလုံးကို စိတ်ပါဝင်စားစွာနဲ့ လုပ်ဆောင်ခဲ့ပါတယ်။ အကျင့်စာရိတ္တကောင်းမွန်အောင် စည်းကမ်းကအစအဆုံးလုံးကို တလေးတစားနဲ့လိုက်နာလုပ်ဆောင်ခဲ့ရပါတယ်။ အဓိကကတော့ ကိုယ့်ကိုယ်ကိုယ် ကာကွယ်နိုင်မယ်။ နောက်ပြီး နိုင်ငံတော်ကိုလည်း ကာကွယ်လို့ရတယ်။ ကျွန်တော်တို့သင်တန်းကာလတွေပြီးသွားတဲ့အခါ၊ ကိုယ့်တာဝန်ကိုယ်ပြီးဆုံးတဲ့အခါ ကျွန်တော်တို့ရပ်ရွာမှ မိသားစုတွေကိုလည်း ကာကွယ်လို့ရတယ်လို့ ကျွန်တော့်အနေနဲ့ယုံကြည်ပါတယ်။ စစ်ပညာတွေလည်း သင်ကြားတတ်မြောက်ပြီးဖြစ်တဲ့အတွက် ကျရာတာဝန်ကိုကျေပွန်စွာထမ်းဆောင်မယ်လို့ စိတ်ကူးထားပါတယ်ခင်ဗျ။

၂။ ကျွန်တော်လာရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကိုကာကွယ်ဖို့နဲ့ ကျွန်တော်တို့မိသားစုကို ကာကွယ်နိုင်ဖို့အတွက်ဝင်ရောက်ရခြင်းဖြစ်ပါတယ်။ ဒီမှာသင်ကြားခဲ့တဲ့ပညာရပ်တွေနဲ့ မိသားစုတင်မကဘဲနဲ့ ရပ်ရွာအေးချမ်းသာယာရေးအတွက်ကော၊ ပြည်သူလူထုအတွက်ကော၊ နိုင်ငံတော်အတွက်ပါ ကာကွယ်သွားဖို့ အစီအစဉ်ရှိပါတယ်။ သင်တန်းကရတဲ့ အကျိုးကျေးဇူးတွေကတော့ အများနဲ့ ဆောင်ရွက်တတ်တာတွေ၊ ပြီးတော့ ကိုယ်ချင်းစာနာတတ်မှုတွေ ဒီရောက်မှပိုပြီးသိလာတယ်။ နောက်ပြီး တပ်မတော်သားတွေရဲ့ အနေအထိုင်ပြုမူကျင့်ကြံတာတွေ နားလည်လာတယ်။





ပင်ပန်းနွမ်းနယ်မှုတွေ၊ ရှေ့တန်းမှာပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်တွေ ကာကွယ်ပေးရတဲ့ ရည်ရွယ်ချက်တွေ၊ ပြီးရင် ဆောင်ပုဒ်တွေ အများကြီး နားလည်လာတယ်။ သိရှိလာရတယ်။ ဒီအတွက် ကိုယ်ချင်းလည်းစာတယ်။ ဒါတွေကိုသိလာရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ် စစ်သားဖြစ်ရတာကို ဂုဏ်ယူပါတယ်။ စရောက်တော့ တော်တော်လေးခက်ခဲပါတယ်။ နောက်မှ တဖြည်းဖြည်းချင်း Step by Step သွားရင်းနဲ့မှ သူငယ်ချင်းတွေနဲ့၊ အများနဲ့ ပူးပေါင်းဆောင်ရွက်တတ်လာတယ်။ အဲဒီအားသာချက်လေးတွေရှိလာတယ်။ ဒီရောက်တော့ စည်းကမ်းရှိလာတယ်။ အရာရာအားလုံးလည်း ပြတ်သွားတယ်။ အရင်တုန်းက တော်တော်လေးဆိုးခဲ့တဲ့ဘဝကနေ အခုဆို တော်တော်လေးလိမ္မာလာတယ်လို့ ကိုယ့်ကိုယ်ကိုယ်မြင်မိတယ်။ လာရောက်ပြီး နောက်ထပ်သင်တန်းတက်မယ့် ညီအစ်ကိုတွေအတွက် ဘာမှအားမငယ်ပါနဲ့။ ဒီကိုရောက်ရင်အားလုံးအဆင်ပြေမှာပါ။ ဒီရောက်လာရင် ပိုပြီးစည်းကမ်းရှိလာမယ်။ အမိန့်နာခံတတ်လာမယ်။ အများနဲ့ ပူးပေါင်း ဆောင်ရွက်တတ်လာမယ်။ အဲဒီအကျိုးကျေးဇူးတွေရမှာပါ။ ညီအစ်ကိုတို့အနေနဲ့ ဒီရောက်တဲ့အခါမှာလည်း ဘာမှကြောက်နေစရာမလိုပါဘူး။ အားလုံး အဆင်ပြေသွားမှာပါလို့ပြောချင်ပါတယ်ခင်ဗျ။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်


မန္တလေးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။


ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲ မြင်ကွင်းပုံရိပ်များ



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ရှမ်းပြည်နယ် ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ပဲခူးတိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲ ကျင်းပစဉ်။



ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ လေ့ကျင့်ရေးဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရမည်းသင်းခရိုင်နှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ MSME လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှု

**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ရမည်းသင်းခရိုင်နှင့် ကျောက်ဆည်ခရိုင်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့် MSME လုပ်ငန်းများကို ကွင်းဆင်းကြည့်ရှုခဲ့သည်။

ထိုသို့ ကွင်းဆင်းကြည့်ရှုရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မင်္ဂလာရပ်ရှိ အမှတ်(၈)အထည်စက်ရုံခွဲ၊ ဝါကြိတ်စက်ရုံ(ရမည်းသင်း)သို့ ရောက်ရှိပြီး စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက စက်ရုံ၏ အချက်အလက်များနှင့် လည်ပတ်နေမှုအခြေအနေများ၊ Solar Pv System ဖြင့် Double Roller Gin အား ဝါကြိတ်ခွဲနိုင်ရေးအတွက် စက်မှုပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန DIC မှ ပူးပေါင်းပါဝင်ဆောင်ရွက်နေမှု၊ Trina Solar PV (655 Watt) ၁၄ ချပ်ဖြင့် တပ်ဆင်လျှပ်စစ်ဓာတ်အား 9.31 KW အသုံးပြုပြီး ဝါကြိတ်ခွဲ လည်ပတ်နိုင်ရေးအတွက်ဆောင်ရွက်နေမှုနှင့် ဝါဝယ်ယူပြီးစီးပါက Solar PV System ဖြင့် ဝါကြိတ်ခွဲ ဆောင်ရွက်သွားမည့်အစီအမံများကိုလည်းကောင်း၊ ပြည်တွင်းစားသုံးဆီဖူလုံမှု ရှိစေရေးအတွက် ပြည်တွင်းဆီလုပ်ငန်းရှင်များနှင့် MSME လုပ်ငန်းရှင်များ တစ်ပိုင်တစ်နိုင် ဆီထုတ်လုပ်ရန်ရည်ရွယ်၍ ဆီစက်ငယ်များကို Solar Power ဖြင့် စမ်းသပ်ထုတ်လုပ်နိုင်ရန်ဆောင်ရွက်နေမှု၊ ဆီကြိတ်စက်တပ်ဆင်ပြီးစီး၍ နှမ်းကုန်ကြမ်းထည့်သွင်းကာ Solar Pv System ဖြင့် လက်တွေ့စမ်းသပ်ကြိတ်ခွဲရာ နေရောင်ခြည်အလင်းရောင် ကောင်းမွန်စွာရရှိချိန်တွင် ဝန်အားပြည့်သုံးစွဲနိုင်မှုတို့ကိုလည်းကောင်း လိုက်ပါရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရမည်းသင်းမြို့နယ်၊ သင်ပန်းကုန်းကျေးရွာအုပ်စု၊ သင်ပန်းကုန်းကျေးရွာရှိ တောင်သူ ဦးမောင်မောင်နိုင်၏ ကွင်းအမှတ် ၁၁၆၆ သို့ရောက်ရှိပြီး တောင်သူများနှင့် ရင်းနှီးစွာတွေ့ဆုံကာ တောင်သူများ၏ တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးနောက် မတ်ပဲမျိုးစေ့၊ ပဲတီစိမ်းမျိုးစေ့၊ ရွက်ဖျန်းမြေဩဇာများ၊ ပိုးသတ်ဆေးများကို တောင်သူများထံပေးအပ်ပြီး စိုက်ဧက ၄၀ မိုးစပါးစံပြကွက်တွင် ရေနစ်မြုပ်ခဲ့သော်လည်း မျိုးကွဲ YSR-1 စိုက်ပျိုးဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုခဲ့သည်။



၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပျော်ဘွယ်မြို့နယ် ဖက်တောကျေးရွာအုပ်စု၊ ရုံကုန်းကျေးရွာရှိ ရွှေလမင်း-နို့စားနွားမွေးမြူရေးခြံသို့ ရောက်ရှိပြီး ခြံပိုင်ရှင်က ရင်းနှီးမြှုပ်နှံမှု၊ နို့စားနွားအကောင် ၂၁၀ ကောင် မွေးမြူထားရှိမှု၊ နွားစာအတွက် ဧက ၂၀ တွင် နေပီယာမြက် စိုက်ပျိုးထားရှိမှု၊ တစ်ရက် နို့ထွက်ရှိမှု ပိဿာပမာဏ၊ ဖြန့်ဖြူးရောင်းချနေမှုနှင့် ဈေးကွက်အနေအထားတို့ကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နို့စားနွားမွေးမြူရေးခြံအတွင်း ကြည့်ရှုခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဝမ်းတွင်းမြို့နယ်ရှိ ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(ရွှေတောင်) သို့ရောက်ရှိပြီး တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက တစ်ဧက ဝါပိဿာ ၇၀၀ ပန်းတိုင်စံပြစိုက်ခင်း၊ ဝါသုတေသနလုပ်ငန်းများ ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး စံပြစိုက်ခင်းအတွင်း ကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် စဉ့်ကိုင်မြို့နယ် အုန်းပင်ခြံကျေးရွာသို့ရောက်ရှိပြီး တောင်သူများနှင့် တွေ့ဆုံကာ ရေနစ်မြုပ်စပါးခင်းအား တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူးနှင့် တာဝန်ရှိသူများမှ ပြန်လည်ကုစားမှုရှင်းလင်းတင်ပြချက်များနှင့် တောင်သူများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ရွက်ဖျန်းမြေဩဇာနှင့် ပိုးသတ်ဆေးများကို တောင်သူများထံ ပေးအပ်ပြီး စပါးခင်းများတွင် သွင်းအားစုများ ထည့်သွင်းခြင်းသရုပ်ပြသနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀









# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် ရာဂီမုန်တိုင်းနှင့် ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့် သေဆုံးသူများ၊ နေအိမ်ပျက်စီးသူများအား ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားများသို့ တက်ရောက်



**မန္တလေး အောက်တိုဘာ ၂၆**

မန္တလေးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ရမည်းသင်းခရိုင်၊ မိတ္ထီလာခရိုင်၊ တံတားဦးခရိုင်နှင့် ကျောက်ဆည်ခရိုင်အတွင်း ရာဂီမုန်တိုင်းနှင့်ဆက်စပ်ဖြစ်ပွားသော ရေဘေးကြောင့်သေဆုံးသူများ၊ နေအိမ်ပျက်စီးသူများအား အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့သည့် ထောက်ပံ့ငွေများနှင့် ထောက်ပံ့ရေးပစ္စည်းများ၊ အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ လူသားချင်းစာနာမှုအကူအညီပေးရေးညှိနှိုင်းမှုဌာန(AHA Centre) မှ ထောက်ပံ့သည့် ပစ္စည်း ၅ မျိုး၊ အိန္ဒိယအစိုးရက ထောက်ပံ့သည့် ပစ္စည်း ၂၂ မျိုး ပေးအပ်သည့် အခမ်းအနားများသို့ တက်ရောက်အားပေးခဲ့သည်။

အဆိုပါအခမ်းအနားများကို ရမည်းသင်းမြို့နယ်ရှိ သီလဝခန်းမတွင်လည်းကောင်း၊ ဝမ်းတွင်းမြို့နယ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမတွင်လည်းကောင်း၊ ကျောက်ဆည်မြို့နယ်ရှိ မြို့တော်ခန်းမတို့တွင်လည်းကောင်း ကျင်းပခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားများပြောကြားရာတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး ထိခိုက်ပျက်စီးမှုများပြားသည့် တိုင်းဒေသကြီး/ပြည်နယ်များရှိ ရေဘေးကြောင့် သေဆုံးသူများ၊ နေအိမ်ပျက်စီးသူများအား နိုင်ငံတော်ကပေးသော ထောက်ပံ့ငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို ရေဘေးသင့်ပြည်သူများထံလာရောက် ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ကပေးအပ်သည့် ထောက်ပံ့ငွေများကို သတ်မှတ်ဖော်ပြသည့်အတိုင်း ထိရောက်စွာသုံးစွဲသွားကြစေလိုပါကြောင်း၊ ထပ်မံဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ထိခိုက်ပျက်စီးဆုံးရှုံးမှု နည်းနိုင်သမျှနည်းအောင် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ပိုမိုထိရောက်စွာဆောင်ရွက်သွားကြရမည်ဖြစ်ရာ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများလည်း များစွာလိုအပ်ပါကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပုံမှန်အတိုင်း ပြန်လည်ဆောင်ရွက်နိုင်ရေး အလေးထားဆောင်ရွက်နေပါကြောင်း၊ ကျန်းမာရေးကို အထူးဂရုစိုက်သွားကြရမည်ဖြစ်ပါကြောင်းပြောကြားခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများက အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ ပေးအပ်သည့် ရေဘေးသင့်နေအိမ်(လုံးဝ) ပျက်စီးသူများ၊ ရေဘေးသင့်နေအိမ် (တစ်စိတ်တစ်ပိုင်း) ပျက်စီးသူများ၊ သေဆုံးသူများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း၊ အာဆီယံသဘာဝဘေးအန္တရာယ်ဆိုင်ရာ လူသားချင်းစာနာမှု အကူအညီပေးရေး ညှိနှိုင်းမှုဌာန(AHA Centre)နှင့် အိန္ဒိယအစိုးရက ထောက်ပံ့သည့် ပစ္စည်းများကို သက်ဆိုင်ရာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများနှင့် ရေဘေးသင့်ပြည်သူများထံသို့လည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများ လက်ရောက်ချက်ချင်းပေးအပ်ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ယနေ့အချိန်အထိ ထောက်ပံ့ပေးအပ်မှုအနေဖြင့် ရေဘေးကြောင့် နေအိမ်လုံးဝပျက်စီး တစ်လုံးလျှင် ထောက်ပံ့ငွေကျပ် ၂၃၅၀၀၀၀ နှုန်းဖြင့် ၁၅၀၅ လုံးအတွက် ထောက်ပံ့ငွေကျပ် ၃၅၃၆၇၅၀၀၀၀၊ နေအိမ်တစ်စိတ်တစ်ပိုင်းပျက်စီး တစ်လုံးလျှင် ထောက်ပံ့ငွေကျပ် ၁၇၅၀၀၀၀ နှုန်းဖြင့် ၁၉၈၀ လုံး အတွက် ထောက်ပံ့ငွေကျပ် ၃၄၆၅၀၀၀၀၀၀၊ သေဆုံးသူ တစ်ဦးလျှင် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီမှထောက်ပံ့ငွေကျပ် ၅၀၀၀၀၀ နှုန်းဖြင့် သေဆုံးသူ ၁၄၀ ဦး အတွက် ထောက်ပံ့ငွေကျပ် ၇၀၀၀၀၀၀၀၊ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၇၀၇၁၇၅၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**













# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမိသားစု အကြိမ်(၈၀)မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာ ရေစက်ချအခမ်းအနား ကျင်းပ





**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမိသားစုတို့၏ အကြိမ်(၈၀)မြောက် စုပေါင်းမဟာဘုံကထိန်အလှူတော်မင်္ဂလာရေစက်ချအခမ်းအနားကို ယနေ့နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်၊ မူလမဟာမုနိန္ဒာရာမစကျောင်းတိုက်(အလယ်စကုတိုက်မကြီး)၌ ကျင်းပသည်။

ရှေးဦးစွာ စကုကျောင်းတိုက်တိုက်အုပ် မင်္ဂလာအေးကျောင်းဆရာတော်ကြီး ဘဒ္ဒန္တကုဏ္ဍဝံသ အမှူးပြုသော ကျောင်းတိုက်သံဃာတော်များအား မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်များနှင့် ဌာနမှူးများ၊ ဌာန(၁၄)ခုမှ အရာထမ်းများက ဆွမ်း၊ ဆွမ်းဟင်းများဖြင့် ဆက်ကပ်လောင်းလှူကြသည်။

ထို့နောက် အလယ်စကုတိုက်မကြီးအပေါ်ထပ်တွင် ကထိန်အလှူတော်ရေစက်ချအခမ်းအနားကို ဆက်လက်ကျင်းပရာ တိုက်အုပ်၊ တိုက်ကြပ်ဆရာတော်ကြီးများ အမှူးပြုသော ပုရိမဝါမှ ထမြောက်တော်မူကြသည့် ဝါဆိုသံဃာတော်စုစုပေါင်း (၁၉၁)ပါးတို့ ကြွရောက်ချီးမြှင့်တော်မူကြပြီး တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းမိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

အစီအစဉ်အရ ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များနှင့် ပရိသတ်အပေါင်းတို့က "နမောတဿ" သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် စကုတိုက် အောင်မင်္ဂလာခြောက်ထပ်ကျောင်းဆရာတော်ကြီး အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညိန္ဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို ရိုသေစွာနာယူကြည်ညိုကြသည်။



ဆက်လက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းက ကထိန်ဥတ်သကန်းကြီးကို တိုက်အုပ်ဆရာတော်ကြီးထံ ဆက်ကပ်ပြီးနောက် ကထိန်အခြံအရံလှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ စီးပွားရေးရာဝန်ကြီး၊ တိုင်းဒေသကြီး ဥပဒေချုပ်နှင့် မြို့တော်စည်ပင်မှ တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများဖြင့် အသီးသီးဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့အတွက် စကုတိုက်အောင်မင်္ဂလာခြောက်ထပ်ကျောင်းဆရာတော်ကြီးက ကထိန်အနုမောဒနာတရား ဟောကြားချီးမြှင့်ပြီးနောက် ရေစက်ချအမျှပေးဝေခဲ့ကြပြီး အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းသည်။ ဆက်လက်၍ ကထိန်အလှူတော်မင်္ဂလာအောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရွှေမိုး၊ ငွေမိုး ရွာသွန်းခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

# စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်းခွဲ၌ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲ၊ စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်ပြပွဲကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန ဦးစီးမှူး ဦးရိုးမွန်က လူငယ်နှင့်အားကစားအကြောင်းသိကောင်းစရာများကို ဟောပြောသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက ကျောင်းသား၊ ကျောင်းသူများအား လာရောက်ဟောပြောရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများ ဗလငါးတန်နှင့် ပြည့်စုံစေရန်၊ အားလပ်တဲ့အချိန်မှာ စာပေတွေကို လေ့လာစေလိုကြောင်း၊ စာပေတတ်မြောက်မှသာလျှင် နိုင်ငံနှင့်လူမျိုးအတွက် စွမ်းစွမ်းတမံဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးညီဝင်းသူက လူငယ်နှင့်စာပေခေါင်းစဉ်ဖြင့် ပြောကြားရာတွင် လူငယ်တွေအနေဖြင့် အသိပညာတိုးပွားအောင် စာပေကိုကြိုးစားသင်ယူသင့်ကြောင်း၊ အကောင်းအဆိုးခွဲခြားတတ်စေရန် အခြားသော ပြင်ပဗဟုသုတများကိုလည်း ရှာဖွေသင့်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ယခုလူငယ်နောင်ဝယ်လူကြီးဆိုသည့်အတိုင်း ငယ်ရွယ်စဉ်မှာ အမှား၊ အမှန်ဝေဖန်နိုင်အောင်စာပေတွေကို လေ့လာသင်ယူသင့်ကြောင်း၊ ကျောင်းနေအရွယ်မှာ ပညာကိုသာ ဦးစားပေးသင်ယူလေ့လာသင့်ကြောင်း စသည်များ ထည့်သွင်းဟောပြောခဲ့သည်။

ထို့နောက် မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးမှူးက အားကစားပစ္စည်းများ လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူခဲ့ပြီးနောက် အမှတ်(၈)အခြေခံပညာအထက်တန်း ကျောင်းခွဲ ကျောင်းအုပ်ဆရာမကြီး(ကိုယ်စား) ဆရာမဒေါ်မင်းမင်းခိုင်က ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူ၊ လူငယ်၊ လူရွယ်များက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်၊ စာစောင်များနှင့် နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုခဲ့ကြောင်း သိရသည်။

(ဝဲပုံ)

(ဝ၅၆)




- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# ညောင်ဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကျင်းပ



**ညောင်ဦး အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ညောင်ဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှေ့ရှိ မင်္ဂလာမုခ်ဦးရှေ့တွင် ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် သယံဇာတရေးရာဝန်ကြီး ဦးရွှေဇင်၊ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဒေါ်ဝေဝေဖြိုး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဝင်းနှင့် စီမံအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးပညာရေးမှူးရုံး၊ ညွှန်ကြားရေးမှူး ဦးအောင်ဆွေဦး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ညောင်ဦးမြို့ပေါ်ရှိ အခြေခံပညာကျောင်းနှင့် ကိုယ်ပိုင်ကျောင်းများ၊ ကျောက်ပန်းတောင်းမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကိုယ်ပိုင်ကျောင်းများ၊ တည်ထောင်အုပ်ချုပ်သူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ သယံဇာတရေးရာဝန်ကြီး၊ လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲတွင် ပါဝင်ဖျော်ဖြေကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်သည်။

ဒုတိယပိုင်း အခမ်းအနားကို အားကစားခန်းမတွင် ဆက်လက်ကျင်းပရာ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "အလှဆုံးပန်းများ ပွင့်ကြပြီ" သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာ "နိုင်ငံ့အကျိုးတွက် မျှော်မှန်းရည်ခိုင်မာတိုးတက်စေရမည်" Video Clip ပြသသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့လူမှုရေးရာဝန်ကြီးက အမှာစကား ပြောကြားသည်။

၎င်းနောက် ညောင်ဦးမြို့ မူလတန်းလွန်(၄) ကျောင်းသား၊ ကျောင်းသူများက ပုဂံအကဖြင့် ကပြဖျော်ဖြေကာ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူးက ညောင်ဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များ ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။ ဆက်လက်၍ အမျိုးသားစာပေဆုရှင် စာရေးဆရာ ဒေါက်တာမောင်သင်းက စာဖတ်ရှိန်မြှင့်၍ စာကြည့်တိုက်ဖွံ့ဖြိုးပါမှ ပညာတတ်နိုင်ငံတော်ဘဝ ရောက်မည် ခေါင်းစဉ်ဖြင့် စာပေဟောပြောဆွေးနွေးသည်။ ဆက်လက်၍ ညောင်ဦးမြို့ အားသစ်ကိုယ်ပိုင်အထက်တန်းကျောင်းမှ ထာဝရသစ္စာသီချင်းဖြင့် သီဆိုဖျော်ဖြေပြီး၊ ညောင်ဦးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့သီချင်းဖြင့် ကပြဖျော်ဖြေသည်။

၎င်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကျောင်းခန်းမ အသီးသီးရှိ ကလေးစာဖတ်ခန်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲ၊ ကလေးပန်းချီပြိုင်ပွဲ၊ ပုံပြင်ပြောပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲ၊ စက္ကူခေါက်ပြိုင်ပွဲ၊ စကားပုံဆက်နှင့် အရုပ်ဆက်ပြိုင်ပွဲ၊ မြားပစ်ပြိုင်ပွဲ၊ ဂိုးကျဉ်းသွင်း၊ ပူဖောင်းဖောက်၊ ဘောလုံးဖောက်ပြိုင်ပွဲများ၊ အာလူးကောက်၊ ဂုန်နီအိတ်စွပ်အပြေးပြိုင်ပွဲ၊ ဇွန်းရွက်ပြိုင်ပွဲ၊ ခါးကွင်းလှည့်၊ စက်ဝိုင်းလှည့် ပြိုင်ပွဲများ၊ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် ဆင်ရုပ်ချိုးအနုပညာပြခန်း၊ ခရိုင် အသေးစားစက်မှုလက်မှုဦးစီးဌာန ပြခန်း၊ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာ အတတ်သင်ကောလိပ်ပြခန်း၊ အစိုးရစက်မှုလက်မှုသိပ္ပံနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းပြခန်း၊ မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်းပြခန်း၊ ကိုယ်ပိုင်မူလတန်းကျောင်းများ ပြခန်း၊ ဇီဝနည်းပညာသုတေသန ဦးစီးဌာနပြခန်း၊ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ခရိုင်သစ်တောဦးစီးဌာနပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

(၄၈၁)

၀-၀-၀-၀

**စာအုပ်စာပေ လူ့မိတ်ဆွေ။**

# အေးခဲထောပတ်သီးအနှစ်များကို မလေးရှားမှဝယ်ယူရန်သဘောတူညီမှုရရှိပြီဖြစ်၍ ထောပတ်သီးစိုက်တောင်သူများ အခွင့်အလမ်းကောင်းများ ရရှိမည်

**ပြင်ဦးလွင် အောက်တိုဘာ ၂၅**

ပြည်တွင်းမှ စိုက်ပျိုးထွက်ရှိသော ထောပတ်သီးများကို မူလတိုင်းသာမက အေးခဲအနှစ်ပြုလုပ်ထားသည့် တန်ဖိုးမြှင့်ထုတ်ကုန် အေးခဲထောပတ်သီးအနှစ်များကို မလေးရှားနိုင်ငံက ဝယ်ယူရန် သဘောတူညီမှုရရှိပြီဖြစ်၍ တင်ပို့ရန် စီစဉ်လျက်ရှိရာ တောင်သူများအတွက် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ၊ ထောပတ်သီး စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်းတာဝန်ရှိသူက ပြောသည်။

အဆိုပါ တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်သည့် ထောပတ်သီး အေးခဲအနှစ်များကို မလေးရှားနိုင်ငံသို့ နမူနာပေးပို့ခဲ့ရာ ဝယ်ယူမည့်လုပ်ငန်းစဉ်များ ဆောင်ရွက်မှု ၉၀ရာခိုင်နှုန်းပြီးစီးပြီဖြစ်၍ ဈေးနှုန်းညှိနှိုင်းရန် အဆင့်သာကျန်ရှိသည်ဟုသိရသည်။

ထောပတ်သီးအနှစ်တွေ တင်ပို့တဲ့အတွက် ထောပတ်သီးစိုက်ပျိုးထုတ်လုပ်တဲ့တောင်သူတွေ ရရှိမယ့်အကျိုးကျေးဇူးက Export စံချိန်မီတဲ့ အသီးတွေကို အလုံးတိုင်း တင်ပို့နိုင်မှာဖြစ်သလို စံမမီတဲ့အသီး (Reject)တွေကို အေးခဲအနှစ်လုပ်ပြီး တင်ပို့ရင် ဈေးကောင်းရရှိမယ်။ Export ကရရှိတဲ့ ပို့ကုန်ရငွေကို နိုင်ငံတော်က သတ်မှတ်တဲ့ ၇၅-၂၅ အချိုးအရ တောင်သူတွေအနေနဲ့ နိုင်ငံခြားငွေ ၇၅ရာခိုင်နှုန်း ရရှိမယ်။ ထောပတ်သီးစိုက်တောင်သူတွေအတွက် အခွင့်အလမ်း ကြီးမားစွာရရှိမှာပါ"ဟု ၎င်းက ပြောသည်။

ထို့အပြင် အခြားနိုင်ငံများသို့ တန်ဖိုးမြှင့်ထုတ်ကုန် အေးခဲထောပတ်သီးအနှစ်များ တင်ပို့နိုင်ရန် ပြင်ဦးလွင် ထောပတ်သီး စိုက်ပျိုးထုတ်လုပ်ရေး၊ အထွေထွေ သမဝါယမလီမိတက်ကလည်း လိုအပ်သည့်အခြေခံ အဆောက်အအုံများ တည်ဆောက်ရေးကို ပြင်ဆင်လျက်ရှိကြောင်း၊ ပြင်ဆင်မှုများပြီးသွားပါက အေးခဲထောပတ်သီးအနှစ်များကို ပြည်ပဈေးကွက်သို့ ကျယ်ကျယ်ပြန့်ပြန့် တင်ပို့မည့် အစီအစဉ်ရှိကြောင်း သိရသည်။

ဆက်လက်ပြောကြားရာတွင် "ပြင်ဦးလွင်နဲ့ မန္တလေးက ထောပတ်သီးအခြေစိုက်လုပ်ငန်းရှင်တွေ စုပေါင်းပြီး ဒီနှစ်မှာ အေးခဲထောပတ်သီးကို အေးခဲအနှစ်ပြုလုပ်ပြီး မလေးရှားကို ပို့ဖို့စီစဉ်နေတာရှိတယ်။ နမူနာပို့ထားပြီးပြီ။ မလေးဘက်ကလည်း ကြိုက်လို့ဝယ်ယူဖို့ သဘောတူပြီးသွားပြီ။ ဝယ်ယူမယ့်ကိစ္စတွေက ၉၀ရာခိုင်နှုန်း ပြီးသွားပြီ။ဈေးနှုန်းညှိနှိုင်းဖို့ပဲ ကျန်တယ်။တန်ဖိုးမြှင့်ထုတ်ကုန်(Value Added)လို့ ပြောရမယ်။ ကြာရှည်ခံအောင် အတုံးပုံစံ အေးခဲပြီး တင်ပို့မယ်"ဟု ဆိုသည်။**(မန္တလေးနေ့စဉ်-၉)**



# ဒီဂျစ်တယ်စနစ်သုံး Mobile Financial Payment ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ(ဒုတိယ)အကြိမ် ထုတ်ချေး

**မိတ္ထီလာ အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ တောမကျေးရွာအုပ်စု၊ တောမကျေးရွာတွင် ဒီဂျစ်တယ်စနစ်သုံး Mobile Financial Payment ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေများ (ဒုတိယ)အကြိမ် ထုတ်ချေးခြင်းကို ယမန်နေ့က အဆိုပါ ကျေးရွာတွင် ကျင်းပသည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရာတွင် မိတ္ထီလာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးချမ်းငြိမ်းဝင်းက တောမကျေးရွာအုပ်စု၊ တောမကျေးရွာရှိ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာအတွက် အမှန်တကယ်လိုအပ်သည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းအား Citizens Bank နှင့် ပူးပေါင်း၍ Mobile Financial Payment စနစ်ဖြင့် ဒုတိယအကြိမ်မြောက် ထုတ်ချေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ ၎င်းနောက် ဦးစီးအရာရှိ ဒေါ်နှင်းအိထွေးက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များအား ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှုဖြင့် Citizens Bank မှ တာဝန်ရှိသူများက တောမကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၃၂ ဦး ငွေကျပ် ၁၄ ဒသမ ၆၅ သန်း၊မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦး ငွေကျပ် ၆ ဒသမ ၇၅ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၄၉ ဦး ငွေကျပ် ၁၀ ဒသမ ၆၅ သန်း၊ စုစုပေါင်း ၁၀၈ ဦးအား ငွေကျပ် ၃၂ ဒသမ ၀၅ သန်းအား အသီးသီးထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **(၄၆၉)**

# လှုပ်လှုပ်ရှားရှား စီးပွားကုန်စည်

## စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်ကြီးမြင့်နေ

ပြည်တွင်း စားဖိုဆောင်သီးနှံစိုက်ပျိုး ထုတ်လုပ်သည့်တောင်သူများအနေဖြင့် စိုက်ပျိုးစရိတ်များကြီးမြင့်ကြောင်း တောင်သူများထံက သိရသည်။

စက်တင်ဘာလအတွင်းက နေပြည်တော်၊ မန္တလေး၊ ကလောဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့ပြီး စပါးအပါအဝင် စားဖိုဆောင်သီးနှံစိုက်ခင်းများ ပျက်စီးခဲ့ရာ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးဈေးကွက်အတွင်း အခြေခံစားသောက်ကုန်များ ဝင်ရောက်နိုင်မှုနည်းကာ ဈေးမြင့်တက်လာမှုများ ဖြစ်ပေါ်လျက်ရှိသည်။

လက်ရှိအချိန်တွင် တောင်သူများအနေဖြင့် စိုက်ပျိုးမြေများ ပြန်လည်စိုက်ပျိုးနိုင်ရန် မြေပြုပြင်ခြင်းများ၊ မျိုးစေ့၊ မြေဆီများနှင့် စက်သုံးဆီများအတွက် ပြန်လည်ရင်းနှီးစိုက်ပျိုးနေချိန်ဖြစ်သည်။ တောင်သူများမှာ မျိုးစေ့ဈေးကြီးမြင့်ခြင်း၊ ဓာတ်မြေဩဇာဈေးများမှာလည်း ရည်ညွှန်းဈေးအတိုင်း မရရှိဘဲ ဈေးကြီးမြင့်စွာ ဝယ်ယူနေရကြောင်း သို့ဖြစ်၍ စားဖိုဆောင်သီးနှံများ ပြန်လည်စိုက်ပျိုးရာတွင် စရိတ်ကြီးမြင့်နေသလို ယခင်က ၁၀ ဧက စိုက်ပျိုးသည့်တောင်သူအနေဖြင့် တစ်ဝက်ခန့်သာပြန်လည် စိုက်ပျိုးနိုင်ကြောင်း မြစ်သားမြို့နယ်အတွင်း ကြက်သွန်စိုက်တောင်သူတစ်ဦးက ပြောသည်။

အလားတူ နေပြည်တော်၊ ပျော်ဘွယ်၊ တပ်ကုန်း၊ ကလော၊ အင်းလေး မြစ်သား၊ သာစည်၊ ကျောက်ဆည်၊ တံတားဦးဒေသများရှိ စားဖိုဆောင်သီးနှံမျိုးစုံစိုက်ပျိုးသည့် တောင်သူများလည်း စိုက်ဧကများ လျှော့ကျစိုက်နေကြရသည်။ အင်းလေးဒေသ ခရမ်းချဉ်သီးများမှာ ဈေးကွက်အတွင်း ဝင်ရောက်နိုင်ခြင်းမရှိသဖြင့် စားသုံးသူများဈေးကြီးမြင့်နေခြင်းဖြစ်သည်။



စားဖိုဆောင်သီးနှံများကို ပြန်လည်စိုက်ပျိုးရာတွင် အနည်းဆုံး ၄၅ ရက်၊ ရက် ၉၀ စိုက်ပျိုးထုတ်လုပ်ရသဖြင့် အချိန်တိုအတွင်းဈေးကွက်အတွင်း ပြန်လည်ရောင်းချနိုင်ရန် မလွယ်ကူသောကြောင့် ဈေးကွက်အတွင်း အနည်းငယ်ဈေးများ မြင့်တက်နိုင်ခြေရှိနေသည်။

သို့ဖြစ်၍ စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအဆင်ပြေပြေ ပြန်လည်စိုက်ပျိုးထုတ်လုပ်နိုင်ရန် ပံ့ပိုးကူညီပေးမှုများ လိုအပ်နေသည်။ ရေကြီးနစ်မြုပ်ပျက်စီးမှုများကို သက်ဆိုင်ရာဌာနများက မျိုး၊ မြေဆီနှင့်ပြန်လည်ထွန်ယက်နိုင်ရန် အကူအညီများကို ဒေသအလိုက် ကူညီပေးလျက်ရှိသလို သွင်းအားစုကုမ္ပဏီများမှလည်း သွင်းအားစုများကို ဈေးနှုန်းသက်သာစွာ ရောင်းချပေးလျက်ရှိသည်။

စားဖိုဆောင်သီးနှံဈေးကွက်မှာ ခရမ်းချဉ်သီး၊ ဂေါ်ဖီ၊ ကန်စွန်းရွက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ဘူးသီး၊ ခရမ်းသီးဈေးများမှာ ဈေးအနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

(မန္တလေးနေ့စဉ်-၁၀)

*-*-*-*-*

*-*-*-*-*-*



## ပို့ကုန်တင်ပို့ရန် ကြက်သွန်နီ ဝယ်လိုအားကောင်းပြီး ဈေးကွက်မြင့်လာ

ပို့ကုန်တင်ပို့ရန် ကြက်သွန်နီကို ဝယ်လက်အစုံကနေ ဝယ်လိုအားကောင်းနေသောကြောင့် နယ်ဈေးကွက်နှင့် ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီ ဈေးကွက်မြင့်လာကြောင်း ကုန်သည်များထံက သိရသည်။

ကြက်သွန်နီကို ပြည်ပကလည်း ဝယ်လိုအားကောင်းသည့်အတွက် ပို့ကုန်အရည်အသွေးမီသည့် အရည်အသွေးကောင်းကြက်သွန်နီတွေက ဈေးကောင်းပိုရပြီး ပြည်တွင်းသုံး အရည်အသွေးရှိ ကြက်သွန်နှင့်အညံ့စတာတွေလည်း အရောင်းအဝယ်ဖြစ်ပြီး ဈေးမြင့်တက်လာကြောင်း မြင်းခြံမြို့နယ်မှ ကြက်သွန်ကုန်သည်တစ်ဦးက ပြောသည်။

"ပို့ကုန်အတွက် ဝယ်လိုအားကောင်းနေတော့ ပစ္စည်းညံ့တာတောင် အရင်နေ့က ဈေးနှုန်းထက်တက်ရောင်းရတယ်။ ပစ္စည်းကောင်းတာက ဈေးပိုရတယ်။ ပစ္စည်းအရည်အသွေးအလိုက် ဈေးနှုန်းကွာဟတယ်။ ဒီအချိန်မှာ ပို့ကုန်အရည်အသွေးမီတဲ့ ပစ္စည်းတွေကို ဈေးကောင်းကောင်းပေးပြီး အမိအရဝယ်ကြတယ်။ နွေကြက်သွန်က အလုအယက်ကို ဝယ်ကြတယ်"ဟု ၎င်းက ပြောသည်။

မြင်းခြံမြို့ပေါ်ရှိ ကြက်သွန်သိုလှောင်ရုံတွေမှာ ကြက်သွန်လက်ကျန်နည်းလာနေသလို ပခုက္ကူမြို့က သိုလှောင်ရုံတွေမှာလည်း လက်ကျန်ကြက်သွန်နီကုန်ချိန် ပိဿာ ၈ သိန်းလောက်သာ ရှိသောကြောင့် ကြက်သွန်ဈေးက မြင့်တက်လာခြင်းဖြစ်သည်။

လက်ရှိ ပခုက္ကူပွဲရုံ ဈေးကွက်ဆိုရင် ကြက်သွန်နီက အမြင့်ဆုံး တစ်ပိဿာကို ၃၁၀၀ ကျပ်အထိ ဈေးမြင့်တက်လာနေသလို မြင်းခြံမှာဆိုရင်လည်း ကြက်သွန်နီက ငွေကျပ် ၂၄၀၀- ၃၀၀၀ အထိ ဈေးတန်းရှိလာသည်။

နယ်ကုန်စည်ဒိုင်တွေမှာ ကြက်သွန်ကားတွေ အဝင်နည်းသလို ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်ကိုလည်း ကြက်သွန်ကားအဝင်နည်းပြီး ဈေးကတက်ရိပ်ပြပေမယ့် မိုးသည်းနေသည့် အခြေအနေတွေနှင့်ကားတွေ ထွက်ဖို့ခက်သည့် အခြေအနေတွေကြောင့် အရောင်းအဝယ်အေးနေခြင်း ဖြစ်သည်။

ဘုရင့်နောင်ကုန်စည်ဒိုင်မှာ အောက်တိုဘာ ၂၃ ရက်က ဆိပ်ဖြူနှင့် မြင်းခြံကြက်သွန်ကိုသာ ဈေးတန်းဖွင့်ထားပြီး ဆိပ်ဖြူက တစ်ပိဿာငွေကျပ် ၁၅၀၀ - ၃၀၀၀၊ မြင်းခြံကြက်သွန်က တစ်ပိဿာငွေကျပ် ၁၆၀၀ - ၃၁၀၀ ပေါက်ဈေးရှိနေသည်။

လက်ရှိမှာတော့ ကုန်စည်ဒိုင်တွေကို နွေကြက်သွန်နီတွေသာ ဝင်ရောက်မှုအများဆုံးရှိပြီး မိုးကြက်သွန်နီ ဝင်ရောက်မှုက အလွန်နည်းကြောင်း၊ ဈေးတန်းအနေနဲ့တစ်ပိဿာ ငွေကျပ် ၁၃၀၀ - ၁၅၀၀ ဝန်းကျင်သာရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်-၆)

o-o-o-o-o-o-o-o

## ပြည်တွင်းသုံးကုလားပဲအုပ်စုအရောင်းအဝယ်သွက်နေသော်လည်း ပို့ကုန်ပဲများနှင့် ပဲမာလိုင်းများ အရောင်းအဝယ်အေးနေ

ပြည်တွင်းသုံးကုလားပဲအုပ်စု အရောင်းအဝယ်သွက်နေသော်လည်း ပို့ကုန်ပဲများနှင့် ပဲမာလိုင်းများ အရောင်းအဝယ်အေးနေကြောင်း ပဲ၊ နှမ်းကုန်သည်များထံက သိရသည်။

ပြည်တွင်းသုံးပဲမာလိုင်းများမှာ လက်ကျန်ပဲများလို ဈေးကျဆင်းမှုမရှိဘဲ ပုံမှန်သာ အရောင်းအဝယ်ဖြစ်နေသည်။

ပဲ၊ နှမ်းဈေးကွက် အရောင်းအဝယ်က ခပ်အေးအေးသာရှိပြီး လက်ကျန်ပဲများကိုသာ အရောင်းအဝယ်ပြုလုပ်နေကြောင်း၊ ပြည်တွင်းသုံး ကုလားပဲအုပ်စုသာ အရောင်းအဝယ်ခပ်သွက်သွက်ရှိနေကြောင်း၊ မြေပဲ၊ နှမ်းမျိုးစုံဈေးကွက်မှာ ဈေးအနည်းငယ် ဆက်လက်ကျဆင်းနေကြောင်း မန္တလေးတိုင်းဒေသကြီးကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

"သီတင်းကျွတ်ပိတ်ရက်များအလွန် ဈေးကွက်ပြန်လည်စတင်ပေမယ့် ပြည်တွင်းသုံးကုလားပဲအုပ်စု အရောင်းအဝယ် သွက်နေပါတယ်။ အခြားပို့ကုန် မတ်ပဲ၊ ပဲစင်းငုံများ နှင့် ပဲမာလိုင်းတွေကတော့ အရောင်းအဝယ် ပုံမှန်သာရှိပါတယ်။ မြေပဲဆန်ဆိုရင် ဈေးတန်းက တက်မလာဘဲ ဈေးဆက်လက် ကျဆင်းနေတယ်။ နှမ်းမျိုးစုံဈေးကွက်ကလည်း အေးနေပါတယ်။ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံးက လက်ကျန်ပဲတွေကိုသာ အရောင်းအဝယ်ခပ်အေးအေးနဲ့ ရောင်းဝယ်နေကြပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အောက်တိုဘာ ၂၄ ရက်တွင် ပို့ကုန်မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ မတ်ပဲ(အသစ်) တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ ပဲစင်းငုံမှာ အရောင်းအဝယ်မရှိ၊ ပေါက်ဈေးဖွင့်နိုင်ခြင်းမရှိဘဲ ပဲတီစိမ်းအညာတစ်အိတ်လျှင် ငွေကျပ် ၂၄၆၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ကုလားပဲအုပ်စုမှာ ဈေးအနည်းငယ် မြင့်တက်လာရာ အောက်တိုဘာ ၂၄ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၃၁၃၀၀၀၊ ကုလားပဲ V7 တစ်အိတ်လျှင် ငွေကျပ် ၃၃၀၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ 929 ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၉၃၀၀၀ အသီးသီး ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ဈေးအနည်းငယ်ဆက်လက်ကျဆင်းလာရာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၈၅၀၀၀၊ မြေထောက်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၅၀၀၀၀၊ ကျွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၃၉၀၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၅၆၀၀၀၀ ပေါက်ဈေးရှိနေပြီး မြေပဲအနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၈၂၀၀- ၈၃၀၀ ပေါက်ဈေးရှိနေသည်။



အောက်တိုဘာ ၂၄ရက်တွင် နှမ်းမျိုးစုံအရောင်းအဝယ်အေးနေရာ နှမ်းညို ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၃၂၀၀၀၀၊ နှမ်းနက် (စမုန်) ၄၅ ပိဿာတစ်အိတ်လျှင် ငွေကျပ် ၅၉၀၀၀၀၊ အက်စစ်လွတ် တစ်အိတ်လျှင် ငွေကျပ် ၆၄၀၀၀၀ အသီးသီး ပေါက်ဈေးရှိနေကြောင်း သိရသည်။

(အပေါ်ပုံ)

ရွှေမန်း

*-*-*-*-*

*-*-*-*-*-*

## ပလငါးတန်ပွံ့ဖြိုးရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးနှင့်လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများ ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၅**



မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် အမှတ်(၃၂) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ယမန်နေ့ နံနက် ၁၀ နာရီခွဲက ဗလငါးတန်ဖွံ့ဖြိုးရေးအတွက် စာဖတ်ရှိန်မြှင့်တင်ရေးနှင့်လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ကျင်းပသည်။

ရှေးဦးစွာ မဟာအောင်မြေမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက အနာဂတ်လူငယ်မျိုးဆက်သစ်များကို အခြေခံပညာအရွယ်ကစ၍ စာဖတ်သည့် အလေ့အထနှင့် အလေ့အကျင့်ကောင်းများရရှိလာစေရန်၊ အခြေခံပညာမှ အဆင့်မြင့်ပညာအထိ အတန်းစဉ်အလိုက် ဘက်စုံထူးချွန်ထက်မြက်ပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်၊ လူရွယ်များပေါ်ထွက်လာစေရန်၊ ထိုမှတစ်ဆင့် နိုင်ငံတော်နှင့်နိုင်ငံသားများအတွက် ကောင်းကျိုးများစွမ်းဆောင်နိုင်သည့် နိုင်ငံ့သားကောင်းရတနာ၊ သမီးကောင်းရတနာလူရည်ချွန်များ ထွက်ပေါ်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲများကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးညီဝင်းသူက ပညာ၏တန်ဖိုးနှင့်စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် အသိပညာပေး နံရံကပ်ပြဘုတ်များနှင့် သုတရသစာအုပ်များကို စိတ်ပါဝင်စားစွာဖြင့် လေ့လာကြည့်ရှုကြသည်။

အလားတူ စာဖတ်ရှိန်မြှင့်တင်ရေးနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲများကို အောက်တိုဘာ ၂၂ ရက်တွင် မဟာအောင်မြေမြို့နယ်၊ အမှတ်(၈)အခြေခံပညာအထက်တန်းကျောင်း(ခွဲ)နှင့် အောက်တိုဘာ ၂၃ ရက်တွင် အမှတ်(၂၁)အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၀၅၆)

## မန္တလေးတက္ကသိုလ် သတ္တဗေဒမိသားစု(၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေး ညှိနှိုင်းဆွေးနွေး

**မန္တလေး အောက်တိုဘာ ၂၅**



မန္တလေးတက္ကသိုလ် သတ္တဗေဒမိသားစုကျောင်းသား၊ ကျောင်းသူဟောင်းများ၏ (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၃ရက် ညနေ ၄နာရီက ချမ်းအေးသာစံမြို့နယ် ၂၇လမ်း၊ ၇၂လမ်းနှင့် ၇၃လမ်းကြားရှိ I.S.O ဆေးဆိုင်အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီနာယက ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူဟောင်းများက အကြံပြုဆွေးနွေးတင်ပြကြသည်။ (၁၁)ကြိမ်မြောက် သတ္တဗေဒမိသားစု အာစရိယပူဇော်ပွဲကို ၂၀၂၄ခုနှစ် ဒီဇင်ဘာ ၂၁ရက် စနေနေ့ နံနက် ၈နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် ၈၄လမ်းနှင့် ၄၅လမ်းထောင့်ရှိ သာသနာ့(၂၅၀၀)ခန်းမတွင် ကျင်းပသွားမည်ဖြစ်ပြီး အသက် ၆၅နှစ်နှင့်အထက် အငြိမ်းစားဆရာ၊ ဆရာမကြီးများအား ပူဇော်ကန်တော့သွားမည်ဖြစ်သည်။

ဒီဇင်ဘာ ၂၁ရက် နံနက် ၆ နာရီတွင် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ မော်ကွန်းထိန်းအပါအဝင် ဆရာတော်ကြီး ၅ပါးအား ပင့်ဖိတ်၍ အရုဏ်ဆွမ်းကပ် အန္တရာယ်ကင်းပရိတ်တရားနာယူမည်ဖြစ်ကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၀၄၅)

* - * - * - * - *





## ပတ်စရာ၊ မှတ်စရာ စုံလင် မန္တလေး

### ဝါတွင်းကာလလွှတ် သီတင်းကျွတ်

* တူရာသီခေါ် သီတင်းကျွတ်မို့
ရောင်စုံညွှတ် လင်းထိန်သာ
မီးထွန်းပွဲပါ ။
အဿဝတီ စန်းယှဉ်ကာ
နက္ခတ်ဖြာ လမြတ်ထူး ။
ကျိုးတာရာ ဝဋ္ဋာလွှမ်း ကာပ
အေးချမ်းရွှင်မြူး ။
* မိဘာတ မြတ်ကျေးဇူးကိုဖြင့်
အောက်မေ့ကျူး သိမှတ်မြင်
မြတ်ဗုဒ္ဓအရှင် ။
သံသရာလမ်းထက် မဂ်လမ်းထွင်
နိဗ္ဗာန်တွင် တည်စေဖြား ။
ဓမ္မစကြာ တရားမြတ်ကိုပ
ပေးဆပ်ဟောကြား ။
* နတ်အပေါင်းနှင့် လူအများတို့
မေတ္တာပွား အေးမြစေ
ချမ်းသာအမှန်ပေ ။
ရှင်သန်နေရ ဘဝတွေ
ကောင်းခြင်းဝေ ပြည့်စုံလှ ။
ဘုရား တရား သံဃာ ဦးတင်မှန်းကာပ
လျှုဒါန်းပြုကြ ။
* ဆရာများနှင့် မြတ်မိဘတို့
သိမှတ်တ ပူဇော်မည်
သီတင်းကျွတ်ပြီ ။
ပြုမိသမျှ အပြစ်များသည်
ပျောက်ပျက်ရည် ကင်းစေကြောင်း
အဘိဓမ္မာ အခါတော်လမယ်
ထူးပေ့ဆုတောင်း ။

**မင်းမြတ်မိုး(မန်းမြေ)**

## ဘုန်းတော်ကြီးကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းတွင် ပိုးလောက်လမ်း ကာကွယ်ဆေးများ ပက်ဖျန်း

**တံတားဦး အောက်တိုဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းတို့တွင် ပိုးလောက်လမ်းကာကွယ်ဆေးပက်ဖျန်းခြင်းကို ယနေ့ နံနက် ၁၀ နာရီက ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

အဆိုပါဆောင်ရွက်ရာသို့ တံတားဦးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်ကိုလင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့်အဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဆရာတော်၊ သံဃာတော်များ အေးချမ်းစွာ သီတင်းသုံးနေနိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာကိုပျော်ရွှင်စွာသင်ကြားနိုင်ရေး၊ သန့်ရှင်းသောသောက်သုံးရေရရှိရေး၊ ပိုးလောက်လမ်းပေါက်ဖွားခြင်းမှ ကာကွယ်ရေး၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးတို့အတွက် ရေတွင်း၊ ရေကန်များကို လိုက်လံဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း မြို့နယ်ကျန်းမာရေးဦးစီးဌာနတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **(အောက်ပုံ)** (၄၀၉)



# သတင်းပဒေသာ

## နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ စစ်ဆေးပေးခြင်းနှင့် အခမဲ့စစ်ဆေးကုသပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းတို့ကို ယမန်နေ့ နံနက် ၉နာရီခွဲက မင်းလှမြို့နယ်ပြည်သူ့ဆေးရုံအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ကျန်းမာရေးစစ်ဆေးခြင်းနှင့်ဆေးကုသပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစန်းစန်းမိုးနှင့် ကျန်းမာရေးဝန်ထမ်းများက အငြိမ်းစားဝန်ထမ်းများအား အခမဲ့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လူငယ်နှင့် စာဖတ်ခြင်း ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေး

ပြည်ထောင်စုနယ်မြေ၊နေပြည်တော်၊ဇမ္ဗူသီရိမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ယမန်နေ့ နံနက်ပိုင်းက အမှတ်(၂၅)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နီလာစိုးက ကျောင်းသား၊ကျောင်းသူ လူငယ်လူရွယ်များ၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ လူငယ်နှင့် စာဖတ်ခြင်းခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့သည်။

လူငယ်ရေးရာအသိပညာပေး နံရံကပ်စာစောင်များ၊ လူငယ်ရေးရာနှင့်သက်ဆိုင်သည့် စာအုပ်စာစောင်များကို ခင်းကျင်းပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ဖတ်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ရိက္ခာခြောက်နှင့် အဝတ်အထည်များ ထောက်ပံ့ပေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ကျိုင်းတုံမြို့နယ်အတွင်း ရေဘေးသင့်ပြည်သူများအား ရိက္ခာခြောက်နှင့် အဝတ်အထည်များ ထောက်ပံ့ပေးအပ်ပွဲကို ယမန်နေ့ နံနက်ပိုင်းက ကျိုင်းတုံခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ပြုလုပ်ရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ကျိုင်းတုံခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည့် ကျိုင်းတုံမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအတွက် ရိက္ခာခြောက်နှင့် အဝတ်အထည်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဆောင်းသီးနှံစံပြစိုက်ခင်းများ စိုက်ပျိုးပြီးစီး

ပေါက်ခေါင်းမြို့နယ်၌ ရာသီအလိုက် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ တောင်သူများအနေဖြင့် ဒေသတွင်းစားသုံးဆီဖူလုံပိုလျှံရန်အတွက် လာမည့်ဆောင်းသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ ၁၁၅၂၃ ဧက စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ လျာထားဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာ ဒုတိယပတ်မှစတင်ပြီး ဆောင်းသီးနှံစံပြစိုက်ခင်းများ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## စာအုပ်၊ စာစောင်များ နယ်လှည့်ကွင်းဆင်းငှားရမ်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ခိုလမ်မြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူများဗဟုသုတရရှိစေရန်၊ အားလပ်ချိန်များကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ စဉ်းစားတွေးခေါ်မှုဉာဏ်များရင့်သန်လာစေရန်၊ အမှားနှင့် အမှန်ဝေဖန်ပိုင်းခြားတတ်စေရန်နှင့် စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန်၊ စာကြည့်တိုက်သို့ မလာရောက်နိုင်သော စာပေချစ်မြတ်နိုးသူများအတွက် ရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီခွဲက ဌာနဆိုင်ရာရုံးများအရောက် စာအုပ်၊ စာစောင်များကို နယ်လှည့်ကွင်းဆင်းငှားရမ်းပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# အမိဋ္ဌာန်အောင် ရွှေအံ့တော်ဘုရားတွင် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်တော် လှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊သီရိမာလာအရှေ့ရပ်ကွက်၊ အင်းဘဲရပ်ရှိ အမိဋ္ဌာန်အောင် ရွှေအံ့တော်ဘုရားဂေါပကအဖွဲ့မှ ကြီးမှူး၍ သီတင်းကျွတ်ကာလ အရိယာနွယ်ဝင် သီလရှင်ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်တော်လောင်းလှူပွဲကို အောက်တိုဘာ ၂၃ ရက် နံနက် ၇ နာရီက ၂၂ လမ်းရှိ အမိဋ္ဌာန်အောင် ရွှေအံ့တော်ဘုရားမဏ္ဍပ်မာန်တွင် ကျင်းပသည်။

ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် စစ်ကိုင်းတောင်ရိုး၊ သဒ္ဓမသိင်္ဂီ ကျောင်းမှ သီလရှင်ဆရာကြီး ဒေါ်ခေမာသိင်္ဂီ ဦးဆောင်သော သီလရှင်အပါး ၈၀ တို့အား ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးငွေးကြွယ်၊ အတွင်းရေးမှူး ဦးသန်းထွန်း၊ ဘဏ္ဍာရေးမှူး ဦးမြင့်သိန်းနှင့် ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ရပ်မိရပ်ဖများက ဆွမ်းဆန်တော်၊ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ ကုသိုလ်ပြုလောင်းလှူခဲ့ကြကြောင်း သိရသည်။

(အပေါ်ယာပုံ)

(ကဆ)



## မြောင်းကူးတံတားသုံးစင်း တည်ဆောက်ရန် အလှူငွေလှူဒါန်း

**မန္တလေး အောက်တိုဘာ ၂၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး၏ စီမံမှုဖြင့် ရပ်ကွက်များအတွင်း ရေကြီးရေလျှံမှု မဖြစ်ပွားစေရန်၊ ရပ်ကွက်နေပြည်သူများ အဆင်ပြေစွာ နေထိုင်နိုင်ရေးအတွက် မဟာမြိုင်(၁)ရပ်ကွက်အတွင်း အမှတ်(၄)အခြေခံပညာမူလတန်းကျောင်းအနီး၊ ၂၇Aလမ်း၊ ၆၆ လမ်းနှင့် ၆၈လမ်းကြားရှိ မြောင်းကူးတံတား သုံးစင်းကို ကိုယ့်အားကိုယ်ကိုး တည်ဆောက်မည်ဖြစ်ရာ ပထမတံတားအဖြစ် အရှည် ၁၉ ပေ၊ အကျယ် ၅ ပေအား အောက်တိုဘာ ၂၀ ရက်က စတင်ဆောက်လုပ်ခဲ့ရာ အောက်တိုဘာ ၂၄ ရက်တွင် ပြီးစီးခဲ့သည်။

အဆိုပါမြောင်းကူးတံတားများ တည်ဆောက်ရန်အတွက် မဟာမြိုင်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦး၊ ရပ်ကွက်နေပြည်သူများ၊ ရပ်မိရပ်ဖများ၊ ရာအိမ်မှူးများ၊ ဆယ်အိမ်မှူးများက စုပေါင်း၍ ငွေကျပ် ၅၀၀၀၀၀ ကို အောက်တိုဘာ ၂၄ ရက် မွန်းလွဲပိုင်းက ပေးအပ်လှူဒါန်းရာ ရပ်မိရပ်ဖ ဦးတင်ညွန့်နှင့် ဦးမြင့်တို့က လက်ခံရယူကြောင်း သိရသည်။

(အောက်ပုံ) (ဝ၄ဝ)



## သက်ကြီးဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့၊ ဆေးရုံများတွင် ကျန်းမာရေးစစ်ဆေးပေး

**မန္တလေး အောက်တိုဘာ ၂၅**

မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့မှ ကျန်းမာရေးထောက်ပံ့ငွေများကို ထောက်ပံ့ပေးလျက်ရှိရာ အောက်တိုဘာ ၂၃ရက် နံနက်ပိုင်းက မန္တလေးအထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက် ဆေးကုသမှုခံယူနေသော ဆရာဝန်ကြီး ဒေါက်တာမြင့်သိန်းအား မြန်မာနိုင်ငံဆရာဝန်အသင်း သက်ကြီးဆရာဝန်များ ထောက်ကူပြုအဖွဲ့ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာခင်မောင်မြင့်၊ အတွင်းရေးမှူး ဒေါက်တာအောင်မင်းနှင့် တွဲဖက်အတွင်းရေးမှူး ဒေါက်တာမောင်မောင်သန်းတို့က ဆေးရုံသို့သွားရောက်၍ ထောက်ပံ့ငွေပေးအပ်ခဲ့ပြီး ကျန်းမာရေးမေးမြန်း အားပေးစကားများပြောကြားခဲ့သည်။

မြန်မာနိုင်ငံဆရာဝန်အသင်း (မန္တလေး)သက်ကြီး ဆရာဝန်ကြီးများ ထောက်ကူပြုအဖွဲ့မှ ကြီးမှူး၍ အသက်(၇၀)နှစ်အထက် သက်ကြီးဆရာဝန်ကြီးများအား မန္တလေးမြို့ရှိပုဂ္ဂလိကဆေးရုံကြီးများတွင် Medical Check Up ကျန်းမာရေးစစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

မောင်ပြည်သူ(မန္တလေး)

## ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဟောင်ဒေးရှင်း အတွင်းလူနာဌာန(မန္တလေး)သို့ ငွေများလှူဒါန်း၊ တစ်နေ့စာ ကျွေးမွေး

**မန္တလေး အောက်တိုဘာ ၂၅**

အောင်မြေသာစံခရိုင်၊ ပုသိမ်ကြီးမြို့နယ် မန္တလေး-ရန်ကင်းတောင်လမ်းရှိ ဦးလှထွန်းမေတ္တာရိပ်မွန် ကင်ဆာဖောင်ဒေးရှင်း အတွင်းလူနာဌာန (မန္တလေး)သို့ အောက်တိုဘာ ၂၃ရက်က ကွယ်လွန်သူ မိခင်ကြီး ဒေါ်စန်းမြင့်အား ရည်စူး၍ (သား)ဒေါက်တာ အောင်ခိုင်စိုး+မမို့မို့သန်းမောင် မိသားစုက ငွေပဒေသာပင်ကျပ် ၁၀သိန်း၊ ဖခင်ကြီး ဦးခင်ညိုအားရည်စူး၍ မိခင်ဒေါ်အေးမြင့်နှင့်သား၊ သမီးတစ်စုမှ ဆေးပဒေသာပင်ငွေကျပ် သုံးသိန်း၊ဖခင်ကြီး ဦးသင်းဖေအား အမှူးထား၍ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာအေးအေးသင်းမှ တစ်နေ့တာအာဟာရငွေကျပ် သုံးသိန်း၊ နံနက်စာထမင်းဆီစမ်း၊ ပဲပြုတ်ထမင်းကြော်၊နေ့လယ်စာ ထမင်း၊ ငါးကြင်းခြစ်ဟင်း၊ကြက်ဥကြော်၊ ဘူးသီးချဉ်ရည်ဟင်း၊ ကော်ဖီ၊ ပေါင်မုန့်များ ကျွေးမွေးလှူဒါန်းရာ ဦးလှထွန်းကင်ဆာဖောင်ဒေးရှင်း အုပ်ချုပ်ရေးမှူး ဒေါ်ခင်အေးမြင့်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားသည်။ကင်ဆာဖောင်ဒေးရှင်းသို့ လှူဒါန်းလိုပါက ဖုန်း ၀၉-၄၄၁၀၄၀၆၄၉၊၀၉-၄၂၄၉၆၆၈၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။



(ခဲပုံ) (ဝ၄၅)



# တရုတ်-မြန်မာနှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ် ယူနန်ပြည်နယ် ပေါင်စန်းပြည်နယ်ခွဲသို့ ကွင်းဆင်းလေ့လာရေးခရီးစဉ်(၂)



(၂၃-၁၀-၂၀၂၄)ရက် စာမျက်နှာ(၁၇)မှအဆက်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်၊ ပေါင်စန်းပြည်နယ်ခွဲဆက်ဆံရေးရုံး၏ ဖိတ်ကြားချက်အရ မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(မန္တလေးတိုင်းဒေသကြီး)၏ ပူးပေါင်းဆောင်ရွက်မှုနှင့် တရုတ်-မြန်မာနှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်ဖြင့် အောက်တိုဘာ ၁၉ရက် ဒေသစံတော်ချိန် နံနက် ၇နာရီတွင် လုံလင်မြို့မှ ထိန်ချုံတောင်ပေါ်မြို့သို့ မော်တော်ယာဉ်ဖြင့် ထွက်ခွာခဲ့သည်။ လမ်းခရီးတွင် မြင့်မားလှသည့် တောင်တန်းကြီးများအား တံတားကြီးများနှင့်ကွန်ရက်ဆက်သွယ်ဖောက်လုပ်ထားပြီး ဥမင်များကို ဖြတ်သန်းကာသွားလာခဲ့ရသည်။

ရေပူစမ်းသို့ ဒေသစံတော်ချိန် နံနက် ၉နာရီတွင်ရောက်ရှိသည်။ ရေပူစမ်းရှခင်းမှ ထိန်ချုံခရီးသွားလာရေး အထင်ကရနေရာဖြစ်ပြီး စိမ်းလမ်းစိုပြည်သော တောတောင်ရေမြေများ ဝန်းရံလျက်ရှိသည်။ ရှုခင်းသာယာလှပပြီး ဘူမိဗေဒအရင်းအမြစ်များ ပေါကြွယ်ဝပြီး ရေပူစမ်းအုပ်စုနေရာ ၈၀ခန့်ရှိသည်။ နေရာတကာတွင် အငွေ့တထောင်းထောင်းထနေသော ရေပူစမ်းများကို တွေ့မြင်နိုင်ပြီး ပွတ်ပွတ်ဆူနေသော ရေပူစမ်းကန်သည် နာမည်ကျော်ကြားပြီး ထူးခြားသော နေရာတစ်ခုဖြစ်သည်။ တရုတ်နိုင်ငံတစ်ဝှမ်းမှ ပြည်တွင်းဧည့်သည်များ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လေ့လာအပန်းဖြေကြသည်။ ဒေသထွက်အစားအစာများ ရောင်းချကြပြီး သက်ကြီးဘိုးဘွားများ ကျန်းမာရေးအတွက် ရေပူစမ်းသို့ လာရောက်၍ ခြေထောက်စိမ်အပန်းဖြေကြသည်။

ဒေသစံတော်ချိန် နံနက် ၁၁နာရီတွင် ထိန်ချုံဂင်ဂိုပင်ရိုးရာကျေးရွာသို့ လေ့လာရေးခရီး ဆက်လက်ထွက်ခဲ့ကြသည်။လမ်းတစ်လျှောက်တွင် ရွှေဝါရောင်ဂင်ဂိုပင်များဖြင့် လှပစွာတွေ့ရသည်။ မြန်မာနိုင်ငံ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နှင့် ကီလိုမီတာ ၆၀အကွာတွင် တည်ရှိသည်။ ဂင်ဂိုပင်ကျေးရွာသည် ယူနန်ပြည်နယ်ထိန်ချုံခရိုင် ကူတုန်းမြို့နယ်တွင် တည်ရှိသည်။ မြေနေရာဧက ၁၀၀၀၀ပေါ်တွင် နှစ်ရှည်သဘာဝပေါက်နေသော ဂင်ဂိုပင်ပေါင်း သုံးသောင်းကျော်နှင့် လူဦးရေသုံးထောင်ကျော်ရှိသော ရွာသူ၊ ရွာသားများ အတူနေထိုင်ကြသည်။ တရုတ်နိုင်ငံ နံပါတ်တစ် ဂင်ဂိုပင်ရွာဟု နာမည်ကျော်ကြားလှသည်။ ယူနန်ပြည်နယ်၏ အကောင်းဆုံးခရီးသွား ဧည့်သည်ဆွဲဆောင်မှုကျေးရွာ၊ ယူနန်ပြည်နယ်ခရီးသွားလာရေးအထူးခြားဆုံးကျေးရွာ၊ တရုတ်နိုင်ငံလုံးဆိုင်ရာ အကောင်းဆုံးခရီးသွားဆွဲဆောင်မှုနှင့်အနားယူနိုင်သောကျေးရွာ၊ ခရီးသွားစံပြကျေးရွာစသည့် ဂုဏ်ထူးဆောင်လက်မှတ်များ ရရှိထားသည်။ ၂၀၂၃ခုနှစ်တွင် ယူနန်ပြည်နယ်၏ အထူးခြားဆုံးမြို့နယ်၊ ၂၀၂၄ ခုနှစ်တွင် ယူနန်ပြည်နယ်၏ရွှေတံဆိပ်ဆုရ ခရီးသွားကျေးရွာစသည့် ဂုဏ်ထူးဆောင်ဘွဲ့များရရှိထားသည်။ ကျေးရွာအတွင်း ဒေသထွက်ကုန်များ၊ ရိုးရာအဝတ်အစားနှင့်သစ်သားပန်းပုများ၊ ဒေသထွက် ပယင်းကျောက်အလှဆင်ပစ္စည်းများ ရောင်းချကြသည်။ ပြည်တွင်း၊ ပြည်ပခရီးသွားများဖြင့် စည်ကားလျက်ရှိသည်။



ဆက်လက်၍ မန္တလေးမြို့မှ မီဒီယာလေ့လာရေးအဖွဲ့သည် ပေါင်စန်းပြည်နယ်ခွဲ ဆက်ဆံရေးရုံးမှတာဝန်ရှိသူများနှင့်အတူ မွန်းလွဲ ၂နာရီတွင် မီးတောင်ရှုခင်းလေ့လာရေးခရီး ဆက်လက်ထွက်ခွာခဲ့ကြသည်။ ထိန်ချုံမီးတောင်သည် တရုတ်နိုင်ငံမီးတောင်အုပ်စု(၄)ခု အနက် တစ်ခုဖြစ်ပြီး မီးတောင်ဘူမိဗေဒလေ့လာရေးအတွက် သွားရောက်လေ့လာသင့်သော နေရာဖြစ်သည်။ ထိန်ချုံမီးတောင်ဥယျာဉ်တွင် ပုံသဏ္ဌာန်ကွဲပြားသော မီးတောင် ၉၇ခုရှိပြီး ချော်ရည်နေရာများလည်းရှိသည်။ မီးတောင်ပေါ်တက်ရောက် လေ့လာခြင်း၊ မြင်းစီး၍ မီးတောင်ရှုခင်းများကြည့်ရှုခြင်းဖြင့် သဘာဝအလှအပများကို ခံစားနိုင်မည်ဖြစ်သည်။

မီဒီယာလေ့လာရေးအဖွဲ့သည် ဒေသစံတော်ချိန် ညနေ၄နာရီတွင် ဟော်ရှင်ရှေးဟောင်းမြို့သို့ လေ့လာရေးခရီးဆက်လက်ထွက်ခွာခဲ့သည်။ ဟော်ရှင်ရှေးဟောင်းမြို့နယ်သည် ထိန်ချုံခရိုင်၏ အနောက်တောင်ဘက် ၄ကီလိုမီတာအကွာတွင် တည်ရှိသည်။ နာမည်ကျော်ကြားသော ယူနန်ပြည်နယ်၏ ပင်လယ်ရပ်ခြားရောက် တရုတ်လူမျိုးများ၏ဇာတိနေရာလည်းဖြစ်သည်။ ယခုလက်ရှိတွင် နိုင်ငံတော်အဆင့်ကြယ်ငါးပွင့်အဆင့်ခရီးသွားရှုခင်းသာနေရာဖြစ်သည်။ နှစ်ပေါင်း ၆၀၀ကျော်ကာလအတွင်း ပြည်မအလယ်ပိုင်းယဉ်ကျေးမှု၊ အနောက်တိုင်းယဉ်ကျေးမှု၊ ရှေးခေတ်နန်းကျောက်ယဉ်ကျေးမှု၊ နယ်စပ်ဒေသယဉ်ကျေးမှုများ အဆိုပါနေရာတွင်ရောယှက်ခြင်းသည် ပင်လယ်ရပ်ခြားရောက် တရုတ်လူမျိုးယဉ်ကျေးမှုနှင့် ရှေးခေတ်မြင်းအုပ်အဖွဲ့ ယဉ်ကျေးမှုများ ပေါ်ထွန်းခြင်းကြောင့် ဟော်ရှင်သည် ယူနန်ပြည်နယ်၏ ဂေဟာစနစ်ယဉ်ကျေးမှုလေးမျိုးကိုယ်စားပြုသော ဒေသဖြစ်သည်။

ဟော်ရှင်ရှေးဟောင်းမြို့နယ်သည် တရုတ်နိုင်ငံ၏ ဂုဏ်ကျက်သရေဆောင် နာမည်ကြီးမြို့နယ် ၁၀ခုတွင် ထိပ်ဆုံးမှ ပါဝင်သည်။ ဟော်ရှင်ရှေးဟောင်းမြို့နယ်သည် တောင်များနှင့်မြစ်များ ဝန်းရံလျက်တည်ရှိသည်။ မိုင်ပေါင်းများစွာ ကျယ်ပြန့်သည့်နေရာတွင် ဘုရားကျောင်းများ၊ တာအိုကျောင်းများ၊ တရုတ်ရိုးရာဘိုးဘွားအဆောင်များနှင့် လမ်းသွယ်လေးအများအပြားလည်းရှိသည်။ ချင်မင်းဆက်ခေတ်လူနေအဆောက်အအုံ ၁၀၀၀ကျော်၊ တရုတ်နှင့်အနောက်တိုင်းစတိုင်လ်ရောယှက်နေသောအဆောက်အဦးများတွင် ဟွေးဒေသပုံစံနှင့်အနောက်တိုင်းပုံစံများတွေ့ရပြီး အရှေ့တောင်အာရှဒေသ စတိုင်လ်ပုံစံများလည်း တွေ့မြင်ရသည်။ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် အများအပြား လာရောက်လည်ပတ်ကြသည်။ တရုတ်စာပေနှင့်သတင်းစာသမိုင်း၊ လက်မှုအနုပညာသမိုင်းများ ပြသသည့် ရှေးဟောင်းစာကြည့်တိုက်ကိုလည်း လေ့လာခွင့်ရခဲ့သည်။ လေ့လာရေးအဖွဲ့သည် ဟော်ရှင်ရိန်ကြား စားသောက်ဆိုင်တွင် ညစာစားသောက်ပြီး ဟော်ရှင်ရှေးဟောင်းမြို့တွင် ညအိပ်ရပ်နားခဲ့ကြသည်။

မန္တလေးမီဒီယာ လေ့လာရေးအဖွဲ့သည် အောက်တိုဘာ ၂၀ရက်တွင် ဟော်ရှင်ရှေးဟောင်းမြို့၏ နံနက်ခင်းဈေးကို လေ့လာပြီး ဒေသအစားအစာများစားသောက်ကာ ဒေသစံတော်ချိန် နံနက်၈နာရီတွင် မော်တော်ယာဉ်များဖြင့် ရှေးဟောင်းမြို့မှ ထွက်ခွာခဲ့ကြရာ နံနက် ၉နာရီတွင် ယူနန်အနောက်ပိုင်းအသုံးချ နည်းပညာတက္ကသိုလ်နှင့် ကျောက်မျက်သင်တန်းကျောင်းသို့ ရောက်ရှိသည်။ ယူနန်အနောက်ပိုင်းအသုံးချနည်းပညာတက္ကသိုလ်သည် ၂၀၁၇ခုနှစ်၊ မေလတွင် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် စတင်တည်ထောင်ခဲ့သည်။ ယူနန်ပြည်နယ် အနောက်ပိုင်းတွင် အဓိကအရေးပါသော ပုံစံသစ်အစိုးရအဆင့်မြင့် တက္ကသိုလ်တစ်ခုဖြစ်သည်။ ဒေသတွင်းစီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သော အသုံးချအဆင့်မြင့်နည်းပညာ လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် တည်ထောင်ထားပြီး တက္ကသိုလ်ဝင်တန်းအောင်သူများအား EVယာဉ် စက်ပြင်သင်တန်းများအပါအဝင် စက်မှုနည်းပညာများ လက်တွေ့သင်ကြားပေးသည်။ နည်းပညာတက္ကသိုလ်တွင်လည်း ကျောက်မျက်ရတနာကောလိပ်ကို ပူးတွဲတည်ထောင်ထားပြီး အထက်တန်းဆင့်ပြီးမြောက်သည့် ကျောင်းသား၊ ကျောင်းသူများအား ကျောက်သွေး၊ ကျောက်ဖြတ်သင်တန်းများ၊ ကျောက်မျက်အရည်အသွေး စစ်ဆေးခြင်း ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။



ဆက်လက်၍ မီဒီယာလေ့လာရေးအဖွဲ့သည် ဒေသစံတော်ချိန် နံနက်၁၀နာရီခွဲတွင် ယူနန်ပြည်နယ် ထိန်ချုံခရိုင်စီးပွားရေးနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဇုန်သွားရောက်ခဲ့ကြပြီး ပြည်နယ်အဆင့် စီးပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဇုန်ဖြစ်သည်။ ၂၀၂၁ခုနှစ်တွင် နိုင်ငံတော်၏ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မတီ၊ ဝန်ကြီးဌာန(၄)ခုမှ(၁၄)ကြိမ်မြောက် ငါးနှစ်စီမံကိန်းတွင်ထည့်သွင်းကာ အဓိကထောက်ပံ့ရမည့် ခရိုင်အဆင့် စက်မှုအသွင်ပြောင်း အဆင့်မြင့်တင်ရေးစံပြဇုန်အဖြစ် ခွင့်ပြုခဲ့ကြသည်။ ၄င်းစီးပွားရေးဇုန်သည် ထိန်ချုံခရိုင်၏ အဓိကအားထားသော စွန့်ဦးတီထွင်မှု၊ ဆန်းသစ်တီထွင်မှုဖြစ်ထွန်းသော ထုတ်လုပ်မှုအသစ်များ ပေါ်ထွန်းလာစေရန် စက်ရုံ၊အလုပ်ရုံများစွာရှိပြီးလူငယ်များအား အလုပ်အကိုင်အခွင့်အလမ်းများ ပေးလျက်ရှိသည်။

လေ့လာရေးအဖွဲ့သည် မွန်းလွဲ ၁၂နာရီတွင် လုန်ရန်ခရိုင် လုကျန်းမြို့နယ်ရှိ Beaton ကော်ဖီယဉ်ကျေးမှုဥယျာဉ်သို့ သွားရောက်ခဲ့ပြီး မြေပြန့်ကော်ဖီ အမျိုးအစားများ၊ မြေမြင့်ကော်ဖီ အမျိုးအစားများ စိုက်ပျိုးခြင်း၊ လက်တွေ့ခူးယူခြင်း၊ ကနဦးလုပ်ဆောင်ခြင်း၊ လှော်ခြင်း၊ကော်ဖီသမိုင်းယဉ်ကျေးမှုပြသခြင်းနှင့် ကော်ဖီဆိုင်လုပ်ငန်းများကို လက်တွေ့မြင်တွေ့ရသည့် ကော်ဖီယဉ်ကျေးမှု ဥယျာဉ်ဖြစ်သည်။ ဂေဟာစနစ် ကော်ဖီစိုက်ပျိုးခြင်းပြခန်း၊ ကော်ဖီကနဦး လုပ်ဆောင်ခြင်းပြခန်းများလည်း တည်ရှိသည်။

လေ့လာရေးအဖွဲ့သည် ဒေသစံတော်ချိန် မွန်းလွဲ၂နာရီတွင် ပေါင်စန်းပြည်နယ်ခွဲ၊ လုန်ရန်ခရိုင် လုကျန်းမြို့နယ်ရှိ ရှင်းကျိုက်ကျေးရွာသို့ သွားရောက်ခဲ့ကြသည်။ ကမ္ဘာ့အမွေအနှစ်ကောင်းလီတောင်ကုန်း၊ အရှေ့ဘက်တွင် နုမြစ်တို့ရှိပြီး သမပိုင်းဇုန်ခြောက်သွေ့ပူပြင်းသော ချိုင့်ဝှမ်းရာသီဥတုရှိသည်။ ပတ်ဝန်းကျင်ဂေဟာစနစ်ကောင်းမွန်ပြီး သဘာဝသယံဇာတများ ပေါကြွယ်ဝသည်။ တစ်ရွာလုံး လူဦးရေ ၂၀၈၂ဦးရှိပြီး တိုင်လူမျိုး၊ လီဆူလူမျိုး၊ ပိုင်လူမျိုး၊ ရီလူမျိုးစသည့်လူမျိုးပေါင်းစုံနေထိုင်ကြသည်။ ၂၀၂၁ခုနှစ်တွင် တစ်နိုင်ငံလုံးဆိုင်ရာ တစ်ရွာကုန်ပစ္စည်းတစ်ခုစံပြကျေးရွာအဖြစ် သတ်မှတ်ခံရပြီး တရုတ်နိုင်ငံ၏ ပထမဆုံးကော်ဖီကျေးရွာအဖြစ် သတ်မှတ်ခံရသည်။

မန္တလေးမီဒီယာလေ့လာရေးအဖွဲ့သည် ညနေ၄နာရီတွင် လုကျန်းမြို့နယ် ရှင်းကျိုက်ကျေးရွာမှ မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ပြီး လှပသောတောတောင်ရှုခင်းများ၊ ဥမင်များ၊ တံတားကြီးများဖြတ်သန်းကာ ဒေသစံတော်ချိန် ည ၆နာရီတွင် မန်စီအပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိပြီး ည၇နာရီ မိနစ် ၄၀ တွင် တရုတ်လေကြောင်း Ruili Air ဖြင့် ပြန်လည်ထွက်ခွာလာရာ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မြန်မာစံတော်ချိန် ည ၇နာရီ ၁၀မိနစ်တွင် ပြန်လည်ရောက်ရှိခဲ့သည်။



**မောင်ပြည်သူ(မန္တလေး)**

## စာကြည့်တိုက်ပွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး ဟောပြော



**မိုင်းယု အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ မိုင်းယောင်းခရိုင်၊ မိုင်းယုမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ကွင်းဆင်းအသိပညာပေးဟောပြောခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက ဒွန်းနွဲ့ကျေးရွာအုပ်စု၊ ဒွန်းနွဲ့ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ဟောပြောမှုတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအားချာက အနာဂတ်တွင် နိုင်ငံ့တာဝန်ကို ပခုံးပြောင်းတာဝန်ယူထမ်းဆောင်ကြမည့် ကျောင်းသား၊ ကျောင်းသူများ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာဖတ်ရှုသည့်အလေ့အထများ ဖြစ်ပေါ်လာစေရန်၊ ရရှိလာမည့် အသိဉာဏ်ဗဟုသုတများကို အရင်းအနှီးပြုပြီး ဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် စသည့် ရည်ရွယ်ချက်ဖြင့် ကျောင်းစာကြည့်တိုက်၊ ကျေးရွာစာကြည့်တိုက်များ ပိုမိုထွန်းကားအောင်မြင်လာစေရေးတို့ကို အသိပညာပေး ဟောပြောခဲ့သည်။

ထို့နောက် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နန်းကောင်ကျောက်တို့က စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ အသိပညာပေးပုံပြင်များကို ဖတ်ပြခြင်းနှင့် စာဖတ်စွမ်းရည်မြင့်မားစေရန် အသိပညာပေးပုံပြင်များကို ကျောင်းသား၊ ကျောင်းသူလေးများအား ဖတ်ပြခိုင်းခြင်းများ ပြုလုပ်ခဲ့သုတရသနှင့် ပုံပြင်စာအုပ်၊ စာစောင်များကို ပြသပေးခြင်းနှင့် မူးယစ်ဆေးဝါး၊ ကလေးအလုပ်သမားပပျောက်ရေးနှင့် လူကုန်ကူးမှု အန္တရာယ်အသိပညာပေး နံရံကပ် စာစောင်များကို ပြသပေးခြင်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုနိုင်**

**စိမ်းလန်းစိုပြည်လှပစေဖို့ သန့်ရှင်းသော ကမ္ဘာမြေကို စောင့်ရှောက်စို့။**

## အငြိမ်းစားဝန်ထမ်းများအား မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့် အခမဲ့ကုသပေး

**ကံမ အောက်တိုဘာ ၂၅**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့ ပြည်သူ့ဆေးရုံ၌ အသက်(၆၀)နှင့်အထက် အငြိမ်းစားဝန်ထမ်းများအား မကူးစက်နိုင်သောရောဂါများ ရှာဖွေစစ်ဆေးခြင်းနှင့် ကုသမှုပေးခြင်း အစီအစဉ်အဖြစ် ဆီးချို သွေးချို၊ သွေးတိုးနှင့် နှလုံးရောဂါ၊ အမြင်အာရုံများ စစ်ဆေးပေးခြင်းကို ယနေ့ နံနက် ၁၀ နာရီက မြို့နယ်ပြည်သူ့ဆေးရုံတွင် အခမဲ့ စမ်းသပ်စစ်ဆေးကုသပေးခဲ့သည်။

ထိုသို့ စစ်ဆေးကုသရာတွင် အငြိမ်းစားဝန်ထမ်းများအား စာရင်းပေးသွင်းပြီး ကိုယ်အလေးချိန်နှင့် အရပ်တိုင်းတာခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ဆီးချို သွေးချိုစစ်ဆေးပေးခြင်း၊ ECG စစ်ဆေးခြင်း၊ အမြင်အာရုံများ စစ်ဆေးပေးခြင်း စသည်တို့ကို ဆောင်ရွက်ပေး၍ လိုအပ်သည့် ကုသမှုများအား မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဝေလင်းဖိုလ်နှင့် ကျန်းမာရေးဆရာမများက အခမဲ့စစ်ဆေးကုသခြင်းများ ဆောင်ရွက်ပေးခဲ့ပြီး အပတ်စဉ် ဗုဒ္ဓဟူးနေ့တိုင်း စမ်းသပ်စစ်ဆေးကုသပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ သိရသည်။

**ဇော်ဝမ်းထွန်း(အောင်လံ)**

**✳ ကမ္ဘာ့ဖလားမှ**

အောက်တိုဘာ ၂၄ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ကျင်းပလျက်ရှိရာ အောက်တိုဘာ ၂၅ ရက်က ကျင်းပသည့် ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲ အမျိုးသားရှစ်တက်လှော် မီတာ၂၀၀၀ ပြိုင်ပွဲတွင် မြန်မာလှေလှော် အားကစားသမားများက ပထမ(ရွှေတံဆိပ်)ဆုကို ဆွတ်ခူးရရှိထားကြောင်း သိရသည်။

အဆိုပါ ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲ အမျိုးသားရှစ်တက်လှော် မီတာ၂၀၀၀ ဗိုလ်လုပွဲတွင် အသင်း ၁၂ သင်း ယှဉ်ပြိုင်ခဲ့ကြပြီး မြန်မာအသင်းက ပထမ(ရွှေတံဆိပ်)ဆု၊ ထိုင်းအသင်းက ဒုတိယ(ငွေတံဆိပ်)ဆုနှင့် တရုတ်အသင်းက တတိယ(ကြေးတံဆိပ်)ဆု ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲများသို့ သွားရောက်ယှဉ်ပြိုင်သည့် အားကစားအဖွဲ့တွင် မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း၊ အဖွဲ့ခေါင်းဆောင်၊ အတွင်းရေးမှူး၊ နည်းပြ၊ အားကစားသမား အမျိုးသား၊ အမျိုးသမီး ၂၀ စုစုပေါင်း ၂၃ ဦး ပါဝင်ကြောင်းနှင့် ဆက်လက်ယှဉ်ပြိုင်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၅**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Chaw Shu Thwe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မြို့မကွက်သစ်ရပ်ကွက်နေ ချောစုသွယ်အား ညနေ ၄ နာရီ ၅၀ မိနစ်တွင် ကျောက်ပန်းတောင်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## သဘာဝဘေးကြောင့်ပျက်စီးခဲ့သော လယ်ယာမြေများ ပြန်လည်ဖော်ထုတ်

**ကလော အောက်တိုဘာ ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့နယ်တွင် စက်တင်ဘာလအတွင်း ရာသီမုန်တိုင်း၏အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းပြီး သီးနှံစုံစိုက်ခင်းအချို့ ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သည်။

ဘော်နင်းကျေးရွာအုပ်စု၊ စကားအင်းကျေးရွာအုပ်စု၊ ဝါးရုံပင်ကျေးရွာအုပ်စုနှင့် တောင်လားကျေးရွာအုပ်စုများမှ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ဖူးစားပြောင်း၊ ပဲပုတ်၊ နေကြာ၊ ဂေါ်ဖီ၊ ဟင်းသီးဟင်းရွက်နှင့် ပန်းအမျိုးမျိုးစိုက်ပျိုးဧက(၁၄၉၄)ဧက ရေကြီးနစ်မြုပ်ခဲ့သည်။ ထိခိုက်ပျက်စီးမှု ၄၁၆ ဧကနှင့် လယ်ယာမြေ ပြန်လည်ဖော်ဆောင်ရန် ၃၀၄ ဧကရှိသည်။

အဆိုပါဒေသခံတောင်သူများ၏ စိုက်ပျိုးမြေမဆုံးရှုံးစေရေး၊ ရာသီအလိုက်သီးနှံများ အမြန်ပြန်လည်စိုက်ပျိုးနိုင်ရေး လယ်မြေ၊ ယာမြေများ ပြန်လည်ဖော်ဆောင်မှုအား ကလောခရိုင်၊ စီမံအုပ်ချုပ်ရေးအဖွဲ့၊ ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများမှ စက်ယန္တရားအင်အား၊ လူအင်အားတို့ဖြင့် ဆောင်ရွက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ် တောင်ပိုင်းဒေသစိုက်ပျိုးမြေများ ထိခိုက်မှုရှိခဲ့သဖြင့် ဆောင်းစိုက်ဟင်းသီးဟင်းရွက်များ ပြန်လည်စိုက်ပျိုးရန် နောက်ကျနေပြီး ဈေးကွက်အတွင်း ဈေးကြီးမြင့်မှု များဖြစ်ပေါ်နေကြောင်း သိရသည်။

**(အပေါ်ပုံ)**

**(မန္တလေးနေ့စဉ်-၆)**

၀-၀-၀-၀-၀

## စစ်ကိုင်းတိုင်းဒေသကြီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံများအား ပြန်ပေးဆွဲငွေညှစ်မှုများ ပြုလုပ်နေကြောင်း မဟုတ်မမှန်ရေးသားထုတ်လွှင့်လျက်ရှိ




**နေပြည်တော် အောက်တိုဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီးတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာများရှိ ဒေသခံများကို ပြန်ပေးဆွဲငွေညှစ်မှု၊ ဖမ်းဆီးသတ်ဖြတ်အလောင်းဖျောက်မှုများ ပြုလုပ်နေကြောင်း၊ ကားများကိုလည်း သိမ်းဆည်းကာ ဈေးနှုန်းအမျိုးမျိုးဖြင့် ပြန်ရွေးခိုင်းနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုပ်ကြံရေးသား ထုတ်လွှင့်လျက်ရှိသည်။

အဆိုပါ သတင်းနှင့်ပတ်သက်ပြီး တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းသတင်းမှာ မဟုတ်မမှန် လုပ်ကြံရေးသားခြင်းသာဖြစ်ကြောင်း၊ လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့် ခရီးသွားပြည်သူများအေးချမ်းစွာ ခရီးသွားလာနိုင်ရေးအတွက် လုံခြုံရေးအရစစ်ဆေးဆောင်ရွက်ခြင်းများသာ ပြုလုပ်လျက်ရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လုံခြုံရေးဆောင်ရွက်နေမှုများကို အနှောင့်အယှက်ဖြစ်စေရန်နှင့် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် သတင်းအမှားများ လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ



## ဩစတြီးယားဝန်ကြီးချုပ် ကားလ်နေဟမ်မာ ညွန့်ပေါင်းအစိုးရ ဦးဆောင်ဖွဲ့စည်းရန် စီစဉ်

**ဗီယင်နာ အောက်တိုဘာ ၂၅**

ဩစတြီးယားဝန်ကြီးချုပ် ကားလ်နေဟမ်မာအနေဖြင့် ညွန့်ပေါင်းအစိုးရ ဦးဆောင်ဖွဲ့စည်းရန် စီစဉ်နေဆဲဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

သမ္မတ အလက်ဇန်းဒါးဗန်ဒါဘယ်လင်က ညွန့်ပေါင်းအစိုးရ အနေးနှင့်အမြန်ဖွဲ့စည်းရန် ဖိအားပေးပြောဆိုခဲ့သော်လည်း ဝန်ကြီးချုပ် ကားလ်အနေဖြင့် အောက်တိုဘာလနှောင်းပိုင်းသို့ ရောက်ရှိလုနီးချိန်အထိ ကြိုးစားနေဆဲဖြစ်သည်။

လက်ယာဝါဒီအင်အားစုများကို စည်းရုံးညှိနှိုင်းရန်ခက်ခဲသဖြင့် အစိုးရဖွဲ့စည်းရန် ကြန့်ကြာနေခြင်းဖြစ်ကြောင်း သိရသည်။ **Mon**



အိန္ဒိယနိုင်ငံအတွင်းသို့ ဒါနာဟုအမည်ရသောမုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီးနောက် မိုးသည်းထန်နေခဲ့ရာ အောက်တိုဘာ ၂၄ ရက်က အနောက်ဘင်ဂေါနယ်တစ်နေရာ၌ မိုးရေထဲတွင် သွားလာနေကြသူအချို့ကို တွေ့ရစဉ်။ **Mon**

STOP AIDS

## ယူကရိန်းစစ်အဆုံးသတ်ရေး ထရမ့် တောင်းဆိုသည်ကို ဘရစ်ခ်စ်ညီလာခံ၌ ရုရှားသမ္မတ အသိအမှတ်ပြုကြိုဆို

**မော်စကို အောက်တိုဘာ ၂၅**

ယူကရိန်းစစ်အဆုံးသတ်ရေးအတွက် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်လ်ထရမ့် တောင်းဆိုသည်ကို ဘရစ်ခ်စ်ညီလာခံ၌ ရုရှားသမ္မတ ဗလာဒီမာပူတင် အသိအမှတ်ပြုကြိုဆိုခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။



ယူကရိန်းနိုင်ငံတွင် ဖြစ်ပွားနေသော ပဋိပက္ခအဆုံးသတ်ရေးအတွက် မိမိဘာမဆိုလုပ်မည်သာဖြစ်သည်ဟု ဒေါ်နယ်လ်ထရမ့် ပြောကြားခဲ့ခြင်းသည် ရိုးဖြောင့်စွာ ပြောကြားခဲ့ခြင်းဖြစ်သည်ဟု မိမိထင်မြင်မိကြောင်း ရုရှားသမ္မတက ရှင်းလင်းပြောကြားသည်။


ရုရှားနိုင်ငံ ကာဇန်မြို့၌ လက်ခံကျင်းပသော ဘရစ်ခ်စ်ထိပ်သီးညီလာခံအတွက် ၎င်း၏အပိတ်မိန့်ခွန်းတွင် ၎င်းက ယင်းကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ထိုထိပ်သီးညီလာခံသို့ တက်ရောက်ချီးမြှင့်သော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီဂူတာရက်စ်ကလည်း ကုလသမဂ္ဂစာချုပ်၊ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်များအရ ယူကရိန်းစစ်ကို အဆုံးသတ်ရန် တိုက်တွန်းပြောဆိုခဲ့ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

၀-၀-၀




## ကမ္ဘာကျော် မင်းသားလေးဝတ္ထုစာအုပ်လက်နှိပ်စက်မူ ဒေါ်လာ ၁ ဒသမ ၂၅ သန်းဖြင့် လေလံတင်ရန် စီစဉ်ထား

**ဒူဘိုင်း အောက်တိုဘာ ၂၅**

ကမ္ဘာကျော် မင်းသားလေးဝတ္ထုစာအုပ်လက်နှိပ်စက်မူကို အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၅ သန်းဖြင့် လေလံတင်ရန် စီစဉ်ထားကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ပြင်သစ်ကဗျာဆရာနှင့် စာရေးဆရာ အွန်းတွမ်ဒူစန့်တေးဇူးပေရီ ရေးသားသော ထိုစာအုပ်၏ လက်နှိပ်စက်မူသုံးအုပ်သာရှိသည့်အနက် တစ်အုပ်ကို လေလံတင်ရန် စီစဉ်ခြင်းဖြစ်သည်။

လာမည့် နိုဝင်ဘာလတွင် အာရပ်စော်ဘွားများနိုင်ငံ၌ ကျင်းပမည့် အဘူဒါဘီအနုပညာပွဲတော်ကာလအတွင်း ယင်းရှားပါးလက်နှိပ်စက်မူကို လေလံတင်ရောင်းချမည်ဟု ဆိုသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဂျာမန်နာဇီတပ်ဖွဲ့များနှင့် ဝေးရာ အမေရိကန်ပြည်ထောင်စုသို့ ပြောင်းရွှေ့လာသော စာရေးဆရာ အွန်းတွမ်ဒူစန့်တေဇူးပေရီ ရေးသားခဲ့သည့် မင်းသားလေးဝတ္ထုလက်ရေးမူမှာ နယူးယောက်မြို့၌ရှိနေသည်။

ကမ္ဘာ့ထိပ်တန်းကလေးစာပေစာရင်းဝင် မင်းသားလေးဝတ္ထုစာအုပ်ကို စောင်ရေသန်းနှင့်ချီဖြန့်ချိခဲ့ပြီး ဘာသာစကားပေါင်းများစွာသို့ ပြန်ဆိုထားပြီးဖြစ်ကြောင်း သိရသည်။ **Mon**

## ဗင်းနစ်မြို့သို့လာရောက်သော ကမ္ဘာလှည့်ခရီးသွားများ မြို့ဝင်ကြေးပေးရန် သတ်မှတ်သောရက် တိုးလာမည်

**ရောမ အောက်တိုဘာ ၂၅**

အီတလီနိုင်ငံ ဗင်းနစ်မြို့သို့ လာရောက်သော ကမ္ဘာလှည့်ခရီးသွားများအတွက် မြို့ဝင်ကြေးပေးရန် သတ်မှတ်သောရက် နောက်နှစ်တွင် ထပ်တိုးလာမည်ဖြစ်သည်ဟု အီတလီခရီးသွားဌာနက အောက်တိုဘာ ၂၄ ရက်တွင် ထုတ်ပြန်ကြေညာကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

တစ်ပတ်လျှင် ဝင်ကြေးပေးပြီးမှ ဝင်ရောက်ရမည့်နေ့ရက်အချို့သတ်မှတ်ကာ ယမန်နှစ်က စတင်ကျင့်သုံးကြည့်ခဲ့သောစနစ် အောင်မြင်သဖြင့် နောက်တစ်ဆင့်တက်၍ သတ်မှတ်ရက်တိုးမြှင့်ရန် စီစဉ်ထားခြင်းဖြစ်သည်။

အသက် ၁၄ နှစ်နှင့်အထက် ကမ္ဘာလှည့်ခရီးသွားများကို မြို့ဝင်လက်မှတ်တစ်စောင်လျှင် ၅ ဒသမ ၄၁ ဒေါ်လာဖြင့် ဝယ်ယူသောစနစ်ဖြစ်သည်။

ဝယ်ယူပြီးကြောင်း လက်ကိုင်ဖုန်းထဲတွင် မှတ်သားထားသဖြင့် စစ်ဆေးရေးဌာနတွင် မှတ်တမ်းသင်္ကေတကိုပြရမည်ဟု ဆိုသည်။ အကယ်၍ မြို့ဝင်လက်မှတ်မဝယ်ဘဲ ဝင်ရောက်လာကြောင်း စစ်ဆေးတွေ့ရှိရလျှင် သက်ဆိုင်ရာက ဒဏ်ရိုက်မည်ဖြစ်ကြောင်း သိရသည်။

**Mon**

## ပါကစ္စတန်နိုင်ငံ ကရာချိဆိပ်ကမ်းမြို့တစ်ဝန်းတွင် ဆင်တုပ်ကွေးရောဂါကူးစက်မှုအခြေအနေဆိုးရွား

**အစ္စလာမ္မာဘတ် အောက်တိုဘာ ၂၅**

ပါကစ္စတန်နိုင်ငံ ကရာချိဆိပ်ကမ်းမြို့တစ်ဝန်းတွင် ဆင်တုပ်ကွေးရောဂါကူးစက်မှုအခြေအနေဆိုးရွားနေကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ထိုမြို့တွင် အောက်တိုဘာလလယ်က ချေကွမ်ဂန်ညာခေါ် ဆင်တုပ်ကွေးရောဂါကူးစက်ခံရသူ ၅၀၀ ဦးခန့်ရှိခဲ့ရာ ယခင်အပတ်တွင် ၇၅၀ ဦးအထိ မြင့်တက်ရောက်လာခဲ့သည်။

မေလမှစတင်၍ ကရာချိမြို့တွင် ဆင်တုပ်ကွေးရောဂါကူးစက်ခဲ့ခြင်းဖြစ်ပြီး ခြင်များကို နှိမ်နင်းနိုင်မှသာ ထိုရောဂါကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**Mon**



## ပျက်ကျသွားခဲ့သည့် ဘာလ်တီမိုးတံတားပြုပြင်ရာတွင် အမေရိကန်အစိုးရ ဒေါ်လာသန်း ၁၀၀ ကျော်ပေးရမည်

**ဝါရှင်တန် အောက်တိုဘာ ၂၅**

ပျက်ကျသွားခဲ့သည့် ဘာလ်တီမိုးတံတားပြုပြင်ရာတွင် အမေရိကန်အစိုးရအနေဖြင့် ဒေါ်လာသန်း ၁၀၀ ကျော် ထုတ်ပေးရမည်ဟု တရားရေးဌာနက အောက်တိုဘာ ၂၄ ရက်တွင် ဆုံးဖြတ်ချက်ချခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ယင်းကဲ့သို့ ဆုံးဖြတ်သတ်မှတ်လိုက်သော ငွေကို အမေရိကန်ငွေတိုက်ဌာနနှင့် အခြားပြည်ထောင်စုအဆင့် ဌာနအသီးသီးသို့ လွှဲပေးရမည်ဟု ဆိုသည်။

တံတားကြီးပျက်ကျသွားရာမှ ထွက်ပေါ်လာသော တန်ချိန်ပေါင်း ၅၀၀၀၀ ခန့်ရှိသည့် ကွန်ကရစ်နှင့် သံမဏိအပိုင်းအစအပျက်အစီးများကို ဖယ်ရှားရှင်းလင်းရန်အတွက်သာ ထိုငွေကို သုံးစွဲရမည်ဖြစ်ကြောင်း တရားရေးဌာန ပြောခွင့်ရသူက ရှင်းပြသည်။



ပတက်ပ်စကိုမြစ်ကို ဖြတ်သန်းဖောက်လုပ်ထားသော အဆိုပါတံတားကြီးကို ပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်၍ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်အဆင့်တာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းနေကြဆဲဖြစ်ကြောင်း သိရသည်။

**Mon**

၀-၀-၀-၀-၀

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံ ဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာ ဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မြို့ရွာများရှိ ပြည်သူလူထုများ၏ နေအိမ်များ၌ ဝင်ရောက်နေထိုင်၍ အကာအကွယ်ယူတိုက်ခိုက်ကြခြင်းဖြစ်...**

❖ **၎င်းတို့ယာယီအားဖြင့်ထိန်းသိမ်းထားသည့် မြို့ရွာများ၊ နေရာဒေသများတွင်လည်း ပြည်သူလူထုကိုအကာအကွယ်ယူ၍ တိုက်ခိုက်မှုများလုပ်ဆောင်ခြင်းဖြစ်သဖြင့် ပြည်သူများအနေဖြင့် သတိတရား၊ အသိတရားများဖြင့် ရှောင်ရှားမည်ဆိုပါက သောင်းကျန်းသူအမြစ်ပြတ်ချေမှုန်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စွာဆောင်ရွက်နိုင်မည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ကယားပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ ဒေသစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၂၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

စာမျက်နှာ ၆ သို့ ⁜



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia အား လက်ခံတွေ့ဆုံစဉ်။

# ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲနှင့် ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် မြန်မာလှေလှော်အားကစားအဖွဲ့ ရွှေတံဆိပ်တစ်ဆုရရှိထား



ရန်ကုန် အောက်တိုဘာ ၂၅

အပြည်ပြည်ဆိုင်ရာ ကနူးလှေလှော်အဖွဲ့ချုပ်၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဖလား နဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Cup) နှင့် ကမ္ဘာ့ချန်ပီယံရှစ် နဂါးလှေလှော်ပြိုင်ပွဲ (2024 ICF Dragon Boat World Championships) ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ Yichang မြို့နှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ Puerto Princesa မြို့တို့၌

စာမျက်နှာ ၁၈ သို့ ⁜

## မြန်မာနှင့် တရုတ်(ဟောင်ကောင်) အမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတို့ ခြေစမ်းပွဲ ဒုတိယပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၂၅

FIFA နိုင်ငံတကာချစ်ကြည်ရေး ခြေစမ်းပွဲ မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းနှင့် တရုတ်(ဟောင်ကောင်)အမျိုးသမီးဘောလုံးအသင်းတို့၏ ဒုတိယပွဲစဉ်ကို အောက်တိုဘာ ၂၆ ရက် မွန်းလွဲ ၃ နာရီခွဲတွင် ရန်ကုန်မြို့ လှိုင်မြို့နယ် Yangon United Sports Complex ( YUSC )ကွင်း၌ ဆက်လက် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ မွန်းလွဲ ၃ နာရီ ၁၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Parliament Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live) ထုတ်လွှင့်ပေးမည်ဖြစ်သည်။

သတင်းစဉ်